မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်၊ ၂၀၁၀ ခုနှစ်၊ မတ် ၂၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၇၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ပါကစ္စတန်နိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၀ ခုနှစ် မတ် ၂၃ရက်တွင်ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ အာဆစ်ဖ် အလီ ဇာဒါရီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒို့တာဝန်အရေးသုံးပါးကို အမြဲထာဝရ ဦးထိပ်ပန်ဆင်

အမျိုးသားရေးကို ဘယ်တော့မှသစ္စာမဖောက်တဲ့ မျိုးချစ်တပ်မတော်ဟာ နိုင်ငံတော်မှာ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်တဲ့အန္တရာယ်ပေါ်ပေါက်လာတိုင်း မဆိုင်းမတွ ရင်ဆိုင်ဖြေရှင်း စောင့်ရှောက်ခဲ့စမြဲဖြစ်တယ်။ တပ်မတော်ကတော့ အတိတ်နဲ့ပစ္စုပ္ပန်မှာလဲ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်သလို အနာဂတ်မှာလဲ ဒို့တာဝန်အရေးသုံးပါးကိုသာ အမြဲထာဝရ ဦးထိပ်ပန်ဆင်သွားမှာဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၂) နှစ်မြောက် တပ်မတော်နေ့ မိန့်ခွန်းမှ—

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၀ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆာအိဒ် ယူဆွတ် ရာဇာဂီလာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား



ဥရောပ မတ် ၂၂

ကမ္ဘာ့အမြန်ဆုံး မော်တော်ကားကို ဥရောပအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်သော ဘလက်ဟောင်း အက်စ်အက်စ်စီကုမ္ပဏီက တည်ဆောက်နေပြီဖြစ်သည်။

စမ်းသပ်မောင်းနှင်

အဆိုပါ ကမ္ဘာ့အမြန်ဆုံး မော်တော်ကားသည် တစ်နာရီလျှင်မိုင် ၁၀၀၀ နှုန်း မောင်းနှင်နိုင်မည်ဖြစ်ပြီး ၂၀၁၁ခုနှစ်တွင်စတင်စမ်းသပ်မောင်းနှင်နိုင်မည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။

လေယာဉ်များနှင့်အပြိုင်

ယင်းကမ္ဘာ့အမြန်ဆုံး မော်တော်ကားတွင် ဒုံးပျံနှင့် ဂျက်လေယာဉ်အင်ဂျင်ကို ပေါင်းစပ်အသုံးပြုထားပြီး လေယာဉ်များနှင့်အပြိုင်ခရီးတွင်ကျယ်စွာ မောင်းနှင်နိုင်မည်ဟုဆိုသည်။ (အင်တာနက်)

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

တိမ် အသင့် အတင့်	နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သုံးခွမြို့နယ် တကောကျေးရွာအနီးရှိ တကောရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သုံးခွမြို့နယ် တကောရေထိန်းတံခါး ကြည့်ရှုစစ်ဆေး
စီမံကိန်းအမြန်ပြီးစီးရေးနှင့် စိုက်ပျိုးရေပေးဝေနိုင်ရေးမှာကြား
သန်လျင်မြို့နယ်၌ လင်းရောင်ခြည်ကျေးလက်စာကြည့်တိုက်ဖွင့်ပွဲတက်ရောက်

ရန်ကုန် မတ် ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်လိုက်ပါလျက် ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ထားမလုံကျေးရွာ လင်းရောင်ခြည်ကျေးလက်စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၂၃ ရက်)

ပြည်သူ့အကျိုးဦးထိပ်ပန်ဆင်လျက်ရှိသော တပ်မတော် တိုင်းရင်းသားပြည်သူများ နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင်

မြန်မာနိုင်ငံသည် ကိုယ့်ထီး ကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ရပ်တည်လာခဲ့သည်မှာ ရှေးအဆက်ဆက်က ပင်ဖြစ်သည်။ ၁၈၂၄ခုနှစ် နယ်ချဲ့သမားတို့ကျူးကျော်စစ် မီးမွေးကာ သွေးထိုးလှုံ့ဆော်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရပြီး လွတ်လပ်ရေးပါ ဆုံးရှုံးခဲ့ရသည်။

၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးအောင်ပန်း ပြန်လည်ဆွတ်လှမ်းနိုင်ခဲ့ခြင်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစိတ်ဓာတ်၊ တိုင်းပြည်အတွက် ကိုယ်ကျိုးမငဲ့ စွန့်လွှတ်စွန့်စားတတ်သော တပ်မတော်သားတို့၏ မျိုးချစ်စိတ်ဓာတ်ကြောင့်ပင်ဖြစ်သည်။

နိုင်ငံတော်အတွက် အရေးကြုံတိုင်း ရှေ့တန်းက မားမားမတ်မတ်ရပ်တည်ခဲ့သည်မှာ တပ်မတော်သာလျှင်ဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးခံယူချက်အဖြစ် အစဉ်အမြဲ ဦးထိပ်ပန်ဆင် ဆောင်ရွက်လျက်ရှိသည်မှာ တပ်မတော်ဖြစ်သည်။

ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး၊ လေ့ကျင့်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ကျရာဒေသများတွင် တိုင်းရင်းသားပြည်သူများနှင့်အတူ တစ်သွေးတည်း၊ တစ်သားတည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတစ်ဝန်း ငြိမ်းချမ်းသာယာမှုများခြုံလွှမ်းပြီး ပေါင်းစည်းညီညွတ်မှု၊ ဖွံ့ဖြိုးစည်ပင်မှုရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်သည်။

တပ်မတော် အစိုးရလက်ထက် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်အတွက် ခိုင်မာသည့် အခြေခံအုတ်မြစ်များ တည်ဆောက်ပေးခဲ့သည်။

သမိုင်းကြောင်းတစ်လျှောက် ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ဆောင်ရွက်လျက်ရှိသော တပ်မတော်သည် ယနေ့အထိ နိုင်ငံနှင့်အဝန်း ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်လျက်ရှိရာ တိုင်းရင်းသားပြည်သူများကလည်း နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းစောင့်ရှောက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများတွင် လက်တွဲပါဝင်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်-နေ့လယ်-ည)

၂၄-၃-၂၀၁၀

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
- ၇း၀၅ တရားတော်(ရတနသုတ်) ဓမ္မပူဇာတေးပဒေသာ
- ၇း၃၀ (၃၈)ဖြာမင်္ဂလာ
- ၇း၃၅ နံနက်ခင်းတေးပဒေသာ
- ၈း၀၀ စံတော်ချိန် + သတင်း ဆောင်းပါး
- ၈း၁၀ နံနက်ခင်းတေးပဒေသာ
- ၁၀း၀၀ အမှတ်တရ တေးလက်ဆောင်
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၃၅ တေးပဒေသာ
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၃၂) နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ်(၈၀) တေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (တကယ်မက်တဲ့အိပ်မက်)
- ၁၂း၄၅ တေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃း၁၀ တေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၂၀ ဆောင်းပါး
- ၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ထမင်းပေါင်း)
- ၁၇း၁၀ Current Song (15)
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ တေးပဒေသာ
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်(၄၂)
- ၁၈း၂၀ ကျေးလက်ဇာတ်လမ်း (မြေဆီမြေနှစ်)
- ၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
- ၁၉း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ခင်ညွန့်ရီ)
- ၁၉း၃၀ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
- ၂၀း၂၀ တေးပဒေသာ
- ၂၀း၅၀ ကျန်းမာရေးရာ သိကောင်းစရာ (အနုပညာနှင့်ကျန်းမာရေး) လူမှုရေးဦးတည်ချက်
- ၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
- ၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၃

၂၀၁၀ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မက်ဒွန်း ရှားမာမွတ် ကွာရေရှီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန စတူဒီယိုဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် မတ် ၂၁ရက် နံနက် ၇နာရီ မိနစ် ၂၀တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ကျင်းပသည့် ရုပ်ရှင်နှင့်ပြဇာတ်ပညာဌာန စတူဒီယိုဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို စတူဒီယိုအဆောက်အအုံရှေ့၌ ကျင်းပရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါ်နန္ဒာမွန်းက စတူဒီယိုတည်ဆောက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စတူဒီယိုတည်ဆောက်မှု၊ အသုံးပြုနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က စတူဒီယို အဆောက်အအုံကို ဖဲကြိုးဖြတ်၍ လည်းကောင်း၊ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ လည်းကောင်း ဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)**စတူဒီယိုအတွင်း ရိုက်ကူးရေးခန်းမနှင့် ဆက်စပ်စက်မှုခန်းများကို လှည့်လည်ကြည့်ရှုသည်။

ထိရောက်စွာအသုံးပြုနိုင်

အဆိုပါ စတူဒီယိုအဆောက်အအုံသည် တက္ကသိုလ် ပရဝဏ်အတွင်း၌ပင် တည်ဆောက်ထားပြီး အလျား ၁၀၂ပေ၊ အနံပေ ၈၀၊ အမြင့် ပေ ၃၀ရှိကာ Main Studio, Chroma Studio, Preview Room, Control Room နှင့် ဆက်စပ်အခန်းပေါင်း ၁၇ခန်းဖြင့် ဖွဲ့စည်းထားသည်။ ရုပ်ရှင်၊ ရုပ်မြင်ရိုက်ကူးရေးဆိုင်ရာ ခေတ်မီစက်ကိရိယာများ အပြည့်အစုံ တပ်ဆင်ထားပြီး သင်ကြားရေးနှင့် သင်ယူမှု အထောက်အကူအဖြစ်သာမက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အစီအစဉ်များ ရိုက်ကူးထုတ်လုပ်ရေးတွင် ထိရောက်စွာ အသုံးပြုနိုင်မည် ဖြစ်သည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ရန်ကုန်မြို့ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၄၆)ရပ်ကွက် မိုးမခ ဖလမ်း အမှတ်၁၀၇၉နေ မိခင်ကြီး ဒေါ်မြဝင်း မိသားစုက သား ဦးကိုကိုကြီးသောင်း၏ တစ်နှစ်ပြည့်အတွက် ရည်စူး၍ နှင်းဆီကုန်းဘိုးဘွားရိပ်သာ ဘိုးဘွားများအတွက် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းငါးသောင်းကို ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၃-၃-၂၀၁၀

(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၅ ၆။ အတီးပြိုင်ပွဲ
- ၈း၀၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈း၃၀ ၉။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ Local Talent
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် **ကမ္ဘောဇ F.C နှင့် ဒယ်လ်တာယူနိုက်တက် F.C**
- ၅း၀၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
- ၅း၁၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅း၂၅ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၃၀ ၅။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၅း၄၀ ၆။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅း၅၀ ၇။ (၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၃၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (အပိုင်း-၈)
- ၇း၃၅ ၁၂။ ပြည်သူ့အတွက် တပ်မတော် (မူးယစ်ကင်းစင် ရွှေပြည်သစ်ဆီ)
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်း **အလင်းရောင်**(ပထမပိုင်း) ကျော်ရဲအောင်၊ ရဲအောင်၊ ပြေတီဦး၊ မြင့်မြတ်၊ ဟိန်းဝေယံ၊ မင်းထက်ကျော်ဇင်၊ ထူးခန့်ကျော်၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ မိုးဟေကို၊ စန္ဒီမြင့်လွင် ဒါရိုက်တာ-တင်အောင်စိုး (ပန်းမြို့တော်)
- ၁၇။ **ရုပ်ရှင်ပဟေဠိ**
- ၁၈။ အစီအစဉ်ပြီး၏။

● ရှေ့ဖုံးမှ

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို စာကြည့်တိုက်ရှေ့၌ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က လင်းရောင်ခြည် ကျေးလက်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့က ကျေးလက်စာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်လှူဒါန်းကြကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

လိုအပ်သည်များမှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် သုံးခွမြို့နယ် သုံးခွမြို့နှင့် စစ်ကိုင်းစုကျေးရွာ ဖောက်လုပ်ထားသည့် ဖွံ့ဖြိုးရေးလမ်းကိုလည်းကောင်း၊ မိုးလုံး သစ်သားတံတား တည်ဆောက်ပြီးစီးမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် သုံးခွမြို့နယ် ညောင်လန်းကုန်း၊ နဘဲကုန်းနှင့် စစ်ကိုင်းစု ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးက အမှာစကားပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက စစ်ကိုင်းစုကျေးရွာ စာကြည့်တိုက် တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသည့် အလှူငွေများနှင့် သွပ်များကို ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တာဝန်ရှိသူတို့က လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးကြကာ ကျေးရွာအတွင်းရှိ ချောင်းကူးတံတားကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် သုံးခွမြို့နယ် တကောကျေးရွာအနီးရှိ တကောရေထိန်းတံခါးသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား တာဝန်ရှိသူတစ်ဦးက ရေတံခါး၏ အကျိုးပြုနိုင်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စီမံကိန်း အမြန်ပြီးစေရေးနှင့် စိုက်ပျိုးရေ ပေးဝေနိုင်ရေး ဆောင်ရွက်ရန် မှာကြားကာ ရေတံခါးကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဗိုလ်ချုပ်ကြီးသာအေး မိတ္ထီလာလွင်ပြင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းစစ်ဆေး လုပ်ငန်းများအရည်အသွေးပြည့်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရန်မှာကြား

ဒေသခံတောင်သူများနှင့်တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် မတ် ၂၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် မတ် ၁၈ရက် နံနက် ဖိုနာရီခွဲတွင် မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေနှင့် လမ်းဘေးဝဲယာတစ်လျှောက်ရှိ နွေစပါးစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေလိုက်ပါလျက် မန္တလေးတိုင်း မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရိုးဇုံကျေးရွာအနီးရှိ မိတ္ထီလာလွင်ပြင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံက မိတ္ထီလာလွင်ပြင်ဒေသတွင် ကင်းတားရေလှောင်ဆည်မှ ရေကိုစုပ်ယူ၍ စိုက်ပျိုးမြေများအား ရေပေးဝေနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက စီမံကိန်းလုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ပြီးစီးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားကာ ကင်းတားရေလှောင်ဆည်မှရေကို ရေပေးတူးမြောင်းမကြီးအတွင်း စုပ်တင် ဖြန့်ဖြူးပေးနေမှုနှင့် ရေစုပ်စက်များ တပ်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် အမှတ်(၂) ခရိုင်ချင်းဆက်လမ်း မိုင်တိုင်အမှတ်(၆၄/၅)နှင့် (၆၄/၆) အကြားရှိ ပုဂ္ဂလိကပိုင် သစ်မျိုးစုံစိုက်ခင်းကို လည်းကောင်း၊ အမှတ်(၂) ခရိုင်ချင်းဆက်လမ်းဘေးဝဲယာတစ်လျှောက်ရှိ နွေစပါးစိုက်ခင်းများနှင့်ပုဂ္ဂလိက သစ်မျိုးစုံစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ မြစ်သားမြို့နယ် ထားဝယ်အင်းရွာ ခြောက်ပေါက်ရေတံခါးအနီးရှိ မြို့ကြီး မြောင်းမတော် ဖောက်လုပ်မှုလုပ်ငန်းခွင်သို့ ရောက်ရှိ၍ လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာရှိ (၂၅)ခုတင်ဆံ့ ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိ၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ဖြည့်ဆည်းပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကျောက်ဆည်-ဖျောက်ဆိပ်ပင်-ရဲရွာ-ပြင်စာ-ပြင်ဦးလွင်ဖြတ်လမ်း မိုင်တိုင်အမှတ်(၉/၁)နှင့် (၁၂/၀) အကြားနှင့် မိုင်တိုင်အမှတ်(၁၇/၃)နှင့် (၁၇/၄) အကြား လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လမ်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြား ဖြည့်ဆည်းပေးသည်။

ဆွေးနွေးပြောကြား

ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တိုင်းမှူး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၉ရက်က စဉ့်ကိုင်မြို့နယ် ရွှေလုံ့ဗိုလ်ဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းအဖြစ် စွန်ရဲကန်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြား၍ စွန်ရဲကန်အနီး ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံတောင်သူများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ရန်ကုန်-မန္တလေး လမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက်ရှိ စိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး မင်းလှကန်နှင့်မင်းရဲမြောင်း ရေသောက်စနစ်တွင် စိုက်ပျိုးရေပိုမိုရရှိရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ မင်းရဲမြောင်း သဲနုန်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကင်းတားရေလှောင်ဆည် ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကင်းတားရေလှောင်ဆည်မှ ရေကို ရေပေးတူးမြောင်းမကြီးအတွင်း စုပ်တင်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှု စီမံကိန်းဆိုင်ရာ Turn Key စာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

ကုန်တင်ယာဉ်များ အမြန်ထုတ်လုပ်သွားမည်

နေပြည်တော် မတ် ၂၂

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ TA TA Motors Limited တို့၏ အကြီးစား ကုန်တင်ယာဉ်ထုတ်လုပ်မှု စီမံကိန်းဆိုင်ရာ Turn Key စာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေ်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke San၊ မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ TA TA Motors Limited မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်း ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က အမှာစကား ပြောကြားပြီး TA TA Motors Limited မှ Mr. R.T. Wasan က ပြန်လည်ရှင်းလင်း ပြောကြားသည်။

လက်မှတ်ရေးထိုး

ထို့နောက် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးသန်းနှင့် TA TA Motors Limited မှ Head of International Business (Commercial Vehicles) Mr. R.T. Wasan တို့က စာချုပ်များကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Aloke San က အမှာစကားပြောကြားပြီး လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထုတ်လုပ်မည်

အဆိုပါစာချုပ်အရ အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှုစက်ရုံစီမံကိန်းကို အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ မကွေးစက်မှုနယ်မြေ၌ ဆောက်လုပ်လျက်ရှိပြီး စီမံကိန်း တန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၂၀ ဖြစ်သည်။ ယခုနှစ်အတွင်း စက်ပစ္စည်းများ တပ်ဆင်သွားမည်ဖြစ်ပြီး (၆×၂)နှင့် (၆×၄) တန် (၂၀~၃၀) ကုန်တင်ယာဉ်များကို အမြန်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ TA TA Motors Limited တို့၏ အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှု စီမံကိန်းဆိုင်ရာ Turn Key စာချုပ် လက်မှတ်ရေးထိုးပွဲကို နေပြည်တော် ဟိုတယ်ဇုန် ရွှေ်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပစဉ်။

(သတင်းစဉ်)

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် မတ် ၂၂

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၁၀)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swe Sone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ Smart Card ယာဉ်မောင်းလိုင်စင်များကို မြန်မာတစ်ပြည်လုံး၌ ထုတ်ပေးသွားမည်၊ ခရီးသွားလုပ်ငန်းအတွက် ဗီယက်နမ်သတင်းစာဆရာ ၁၆ ဦး ပထမဆုံးလာရောက်မည်၊ ဆိုမာလီဓားပြလက်ထဲမှ မြန်မာသင်္ဘောသား ၂၁ ဦး မကြာမီ ပြန်လည်လွတ်မြောက်လာမည်၊ ကမ္ဘာ့အကြီးဆုံး ရုပ်တော်မှ ဗောဓိတစ်ထောင်ဘုရားသို့လာသော ပြည်တွင်းပြည်ပ ဘုရားဖူးများအား ပြန်လည်ခွင့်ပြုပြီ၊ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်တွင် ကမ္ဘာ့အကြီးဆုံးမြန်မာ့ကျောက်မျက်ရတနာများ ပြသထား၊ ရန်ကုန်သင်္ကြန် ပြည်လမ်းနှင့် ဆရာစံလမ်းတို့တွင် မဏ္ဍပ်များဖြင့်စည်ကားဖွယ်ရှိ၊ ဖိလစ်ပိုင်၏ အကြီးဆုံးလေယာဉ်သင်တန်းကျောင်းမှ မြန်မာသင်တန်းသားများအားခေါ်ယူ၊ ရေထွက်ပစ္စည်းများကို ရေထိုးရောင်းချသူများအား အစားအသောက်ဥပဒေဖြင့် အရေးယူတော့မည်၊ နေပြည်တော်၌ မိုးလုံလေလုံအားကစားရုံ ငါးရုံဆောက်မည်၊ တွံတေးရှိငါးကန်များတွင် ရုတ်တရက် ငါးအစုလိုက်အပြုံလိုက် သေဆုံးမှုများဖြစ်ပေါ်နေ၊ GSM နှင့် CDMA ဖုန်းများ၌ ရတနာပုံ Web Portal အသုံးပြုနိုင်တော့မည်၊ ဇန်ကောက် ဖက်ရှင်ပြပွဲ၌ မြန်မာ့ရိုးရာချိတ်ကို ထိုင်းမော်ဒယ်လ်များ ဝတ်ဆင်ပြသမည်၊ အမေရိကန် လေဆိပ်များတွင် ခရီးသည်များ ရှူးဖိနပ်ချွတ်ရမည်ဟုကြေညာ၊ ကမ်းခြေမှာလမ်းလျှောက်စဉ် လေယာဉ်တိုက်၍ သေဆုံးရရှာ၊ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးနှစ်ဦး တစ်ရက်တည်းတွင် ကွယ်လွန်၊ အမေရိကန်က အီရန်နိုင်ငံအပေါ် ဆိုက်ဘာစစ်ပွဲဆင်နွှဲနေဟုဆို၊ မျက်စိမမြင်သူတစ်ဦး လျှာကိုအသုံးပြု၍ မြင်နိုင်ပြီ၊ ဗြိတိန်နိုင်ငံသားတစ်ဦး ပထမဆုံး လိင်သတ်မှတ်ချက်မရှိသူဖြစ်လာ၊ ကမ္ဘာ့အချမ်းသာဆုံး လူငယ်လူရွယ် ၁၀ဦးစာရင်းထုတ်ပြန်၊ မြန်မာအပါအဝင် ၁၇ နိုင်ငံကို သွယ်တန်းမည့် အမြန်ရထားလမ်း တရုတ်က ဖောက်လုပ်မည်၊ ရေခဲဖုံးနေသော တောင်ကြီးမှ ရုတ်တရက် မီးတောင်ပေါက်ကွဲမှုဖြစ်ပွား.... စသည့် စိတ်ဝင်စားဖွယ် သတင်းများနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူပွဲ ထန်းတပင်၌ကျင်းပ

ထန်းတပင် မတ် ၂၂

ပဲခူးတိုင်း ထန်းတပင်မြို့နယ် ဘုမ္မတီးကျေးရွာ တံခွန်စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူပွဲ၊ စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို မတ် ၄ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးမောင်တင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဝင်းက ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စာရေးဆရာထန်းတပင်စန်းလွင်က စာရေးရအောင်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရေတာရှည်မောင်မိုးနိုင်က ဘဝထဲက စာခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် စေတနာရှင် အလှူရှင်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက စာအုပ်များ၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

23-3 (03).pmd 1 3/23/2010, 2:18 AM

ကမ္ဘာ့ဝင်ရိုးစွန်း ရေခဲပြင်အခြေအနေ နာဆာ စတင်လေ့လာနေပြီ

လော့စ်အိန်ဂျလိစ် မတ် ၂၂

ကမ္ဘာကြီး၏ ဝင်ရိုးစွန်းရေခဲများ အခြေအနေကို အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့(နာဆာ)က မတ်၂၁ရက်တွင် လေကြောင်းခရီးမှ စတင်လေ့လာနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ပထမဦးစားပေးလုပ်ငန်းမှာ အာတိတ်သမုဒ္ဒရာရေခဲပြင်လေ့လာရန်ဖြစ်ကြောင်း၊ အာတိတ်သမုဒ္ဒရာရေခဲပြင်ပမာဏသည် နှစ်စဉ် မတ်လ(သို့မဟုတ်)ဧပြီလစောစောပိုင်း၌အကျယ်ပြန့်ဆုံးဖြစ်ကြောင်း နာဆာ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ဂရင်းလန်ရေခဲပြင်နှင့် အခြားရေခဲမြစ်များကိုလည်း လေကြောင်းမှနေ၍ ပုံသန်းလေ့လာသွားမည်ဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

ပျံတက်

ယင်းရေခဲပြင် လေ့လာရေးလုပ်ငန်းကို ကယ်လီဖိုးနီးယားတောင်ပိုင်း ပန်ဒေးအနီး ဒရိုင်ဒင်လေယာဉ်ပျံသန်းရေးစခန်းမှနေ၍ ပျံတက်ကာ ရေခဲပြင်လေ့လာမှုများကို ပြုလုပ်သွားမည်ဖြစ်သည်။

(အင်တာနက်)

ဝင်ရိုးစွန်း ရေခဲပြင်

နာဆာအဖွဲ့၏ ကမ္ဘာ့ဝင်ရိုးစွန်းရေခဲပြင် လေ့လာရေး အစီအစဉ်မှ ဝင်ရိုးစွန်း ရေခဲပြင် မှတ်တမ်းပုံရိပ်ကို မတ် ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

တရုတ် ရေတပ်စောင့်ရှောက်ရေးအဖွဲ့ ဆိုမာလီရေပြင်မှ ပြန်လည်ထွက်ခွာ

ပေကျင်း မတ် ၂၂

တရုတ်နိုင်ငံ၏ အေဒင်ပင်လယ်ကွေ့စောင့်ရှောက်ရေးအဖွဲ့သည် ပြည်တွင်းနှင့် နိုင်ငံခြားသင်္ဘော အစင်း၆၀၀ကျော်ကို အပြည့်အဝ ကာကွယ်စောင့်ရှောက်ပြီးနောက် မတ်၂၀ရက်က ဆိုမာလီရေပြင်မှ ပြန်လည်ထွက်ခွာလာပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အဆိုပါအဖွဲ့သည် တရုတ်နိုင်ငံ၏ အေဒင်ပင်လယ်ကွေ့စောင့်ရှောက်ရေးအဖွဲ့သစ်ကို မတ်၁၇ရက်၌ တာဝန်လွှဲပြောင်းပေးအပ်ခဲ့ပြီးနောက် ယင်းကဲ့သို့ ထွက်ခွာလာခြင်းဖြစ်သည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရှုလက်နက်ဖျက်သိမ်းရေး စာချုပ် ဧပြီလစောစောပိုင်းတွင် ချုပ်ဆိုမည်

မော်စကို မတ် ၂၂

ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် ချက်သမ္မတနိုင်ငံ ပရာဟာမြို့တော်၌ နျူကလီးယား လက်နက်ဖျက်သိမ်းရေး စာချုပ်သစ်တစ်ရပ်ကို ဧပြီလစောစောပိုင်းတွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ရုရှားသံတမန်များက ပြောကြားသည်။

ပြောကြား

ယင်းစာချုပ်ကို ပရာဟာမြို့၌ လက်မှတ်ရေးထိုးချုပ်ဆိုမည်ဖြစ်ကြောင်း၊ ကိယက်ဗ်မြို့၌ လက်မှတ်ရေးထိုးမည့် ကိစ္စကို အမေရိကန်နိုင်ငံက လက်မခံဘဲငြင်းဆိုခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သံတမန် သတင်းရပ်ကွက်က ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာ့ခရီးသွားလုပ်ငန်း ဦးမော့လာရေး တရုတ်ပါဝင်မည်

ဟီနန် မတ် ၂၂

၂၀၁၀ခုနှစ်အတွင်း တစ်ကမ္ဘာလုံး၏ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေးအတွက် တရုတ်နိုင်ငံက ပါဝင်ဆောင်ရွက်ပေးမည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့(ယူအင်န်ဒဗလျူတီအို)မှ တာဝန်ရှိသူတစ်ဦးက မတ်၂၀ရက်တွင် ပြောကြားသည်။

၂၀၀၉ခုနှစ်အတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းကဏ္ဍသည် အခက်အခဲများနှင့်အများဆုံးကြုံတွေ့ခဲ့ရပြီး ဝင်ငွေ ၄ရာခိုင်နှုန်းကျဆင်းသွားသည်ဟု ယူအင်န်ဒဗလျူတီအို အထွေထွေအတွင်းရေးမှူး တာလက်ရီဖိုင်က ပြောကြားသည်။

ယခုနှစ်အတွင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းသည် ၂ရာခိုင်နှုန်းမှ ၃ရာခိုင်နှုန်းအတွင်း မြင့်တက်လာနိုင်မည်ဖြစ်သည်ဟု ၂၀၁၀ခုနှစ် ဘိုအောင်းနိုင်ငံတကာခရီးသွားလုပ်ငန်းပွဲတော် ဖွင့်ပွဲအခမ်းအနား၌ ၎င်းက ပြောကြားသည်။

အဆိုပါ နိုင်ငံတကာခရီးသွားလုပ်ငန်းပွဲတော်ကို ဟီနန်ပြည်နယ်အစိုးရ အမျိုးသားခရီးသွားလုပ်ငန်းစီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ကုလသမဂ္ဂကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့တို့က ပူးတွဲတာဝန်ယူ ဖွင့်လှစ်ခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပညာရေးနှင့် သိပ္ပံသုတေသနလုပ်ငန်းများ အင်ဂိုလာနှင့်ပေါ်တူဂီ ပူးပေါင်းဆောင်ရွက်မည်

လူအန်ဒါ မတ် ၂၂

အင်ဂိုလာအစိုးရနှင့် ပေါ်တူဂီအစိုးရတို့သည် အဆင့်မြင့်ပညာရေးမြှင့်တင်မှုနှင့် သိပ္ပံသုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မှုတို့၌ အပြန်အလှန်ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

အဆိုပါသဘောတူစာချုပ်ကို အင်ဂိုလာ သိပ္ပံ၊ နည်းပညာနှင့် အဆင့်မြင့်ပညာရေး ဝန်ကြီးမာရီယာကန်ဒီဒါတက်စရီယာနှင့် ပေါ်တူဂီဝန်ကြီး ဂျို့စ်မာရီရာနိုဂါရိုတို့ လူအန်ဒါမြို့၌ မတ်၁၉ရက်က ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အကူအညီ

နှစ်နိုင်ငံအနေဖြင့် အဆင့်မြင့်ပညာရေး မြှင့်တင်မှုဆိုင်ရာမူဝါဒကို ပြန်လည်အကောင်အထည်ဖော်သည့်အနေဖြင့် အင်ဂိုလာအစိုးရကို ပညာရေးဆိုင်ရာအကူအညီများပေးမည်ဖြစ်ကြောင်း ပေါ်တူဂီဝန်ကြီးက ထုတ်ဖော်ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကျူးဘားသို့ A(H1N1) ကာကွယ်ဆေးများပေးပို့

ဂျီနီဗာ မတ် ၂၂

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)သည် ကျူးဘားနိုင်ငံသို့ A (H1N1) တုပ်ကွေးကာကွယ်ဆေးများပေးပို့လိုက်ပြီဖြစ်ကြောင်း၊ အာဖရိကတိုက်ရှိ နိုင်ငံပေါင်း ၁၂နိုင်ငံတို့သည်လည်း လာမည့်သီတင်းပတ်များအတွင်း A(H1N1) ကာကွယ်ဆေးပြားသန်းပေါင်းများစွာကို ရရှိကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အများဆုံးဖြစ်

ကျူးဘားနိုင်ငံတွင် A(H1N1) တုပ်ကွေးရောဂါကြောင့် ၅၄ဦးသေဆုံးခဲ့ပြီဖြစ်ကြောင်း၊ ထိုသေဆုံးသူအရေအတွက်သည် ကာရစ်ဘီယံဒေသတွင် အများဆုံးဖြစ်ကြောင်း ဒဗလျူအိပ်ချ်အိုက ကြေညာသည်။

အရှိန်အဟုန်မြင့်

ယင်းအချက်အလက်များကို ထောက်ရှုမည်ဆိုပါက အမေရိကအလယ်ပိုင်းနှင့် ကာရစ်ဘီယံဒေသတွင် တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်သည်ကို တွေ့ရှိရကြောင်းဖြင့်လည်း ဒဗလျူအိပ်ချ်အိုက နောက်ဆုံးထုတ် အပတ်စဉ်ဂျာနယ်တွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ရိုက်တာ

အာဖဂန်၌ အကြမ်းဖက်သမားများ ဖမ်းဆီးခံရ

ကဘူးလ် မတ် ၂၂

အာဖဂန်ရဲတပ်ဖွဲ့က လွန်ခဲ့သည့်နှစ်အတွင်း အကြမ်းဖက်သမား၅၀၀ကို ဖမ်းဆီးခဲ့ပြီး အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှု ၈၀၀ခန့်ကိုဟန့်တားနိုင်ကြောင်း အာဖဂန်ပြည်ထဲရေးဌာန လက်အောက်ရှိ အကြမ်းဖက်မှု တိုက်ခိုက်ချေမှုန်းရေးဌာန အကြီးအကဲ ဖာရာဟီက မတ် ၁၇ရက်တွင် ပြောကြားသည်။

သတင်းစာရှင်းလင်း

ဖမ်းဆီးထားသည့် အကြမ်းဖက်သမားများတွင် ပြည်ပနိုင်ငံသား ၁၀၅ဦးပါဝင်ပြီး အများစုမှာ ပါကစ္စတန်လူမျိုးများဖြစ်ကြသည်ဟု သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ပြောကြားသည်။

လိုအပ်

အာဖဂန်နိုင်ငံတွင် လုံခြုံရေးတည်ငြိမ်စေရန်အတွက် စစ်ဆင်ရေးရာသီမတိုင်မီ ထိုးစစ်ဆင်နွှဲရန် လိုအပ်သည်ဟု ၎င်းက ထပ်လောင်း ပြောကြားသည်။

(အင်တာနက်)

နှစ်နိုင်ငံယဉ်ကျေးမှုပွဲတော် ခင်းကျင်းပြသရေး ဩစတြေးလျနှင့်တရုတ် လက်မှတ်ရေးထိုး

ပေကျင်း မတ် ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ကျောက်ရှောဟွာနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ဩစတြေးလျ သံအမတ်ကြီး ဂျက်ရာဘီတို့သည် နှစ်နိုင်ငံယဉ်ကျေးမှုဆိုင်ရာ ပွဲတော်ခင်းကျင်းပြသရေး နားလည်မှုစာချွန်လွှာကို မတ် ၁၉ရက်က လက်မှတ်ရေးထိုး ချုပ်ဆိုလိုက်ကြသည်။

ဩစတြေးလျယဉ်ကျေးမှုပွဲတော်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစင်တာ၌ ဇွန်စရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ၂၀၁၀ခုနှစ် ဇွန်လမှ ၂၀၁၁ခုနှစ် ဇွန်လအထိ အချိန်ကြာမည်ဖြစ်ကြောင်းနှင့် အနုပညာလက်ရာများကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ပြသရာတွင် ဩစတြေးလျ၌ ကနဦးနေထိုင်ခဲ့သော ရှေးတိုင်းရင်းသား အနုပညာလက်ရာများကိုပါ ပြသသွားမည်ဖြစ်သည်။ တရုတ်နှင့် ဩစတြေးလျတို့ ပူးတွဲပြသမည့် အနုပညာလက်ရာများလည်း ပါဝင်မည်ဟု သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပူးတွဲပြသ

အဆိုပါယဉ်ကျေးမှုပွဲတော်ပြပွဲတွင် တရုတ်နှင့် ဩစတြေးလျ ပန်းချီအနုပညာ၊ တေးဂီတ၊ အကအခုန်များ၊ စာပေနှင့် ရုပ်ရှင်တို့ကို ပူးတွဲပြသသွားမည်ဟုလည်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ သန့်ရှင်းသော သောက်သုံးရေများအား ဒေသခံများက မြည်းများဖြင့် သယ်ယူနေရပုံကို မတ် ၂၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

နီပေါ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဂျပန် ငွေထုတ်ချေး

ခတ္တမန္ဒူ မတ် ၂၂

ဂျပန်နိုင်ငံသည် နီပေါနိုင်ငံညစ်ညမ်းမှု ထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေးဌာန (အင်န်အီးပီစီအီးအမ်အေစီ)သို့ အမေရိကန်ဒေါ်လာ ၈၄၆၈၈ဒေါ်လာ ထုတ်ချေးလိုက်ကြောင်း နီပေါမီဒီယာက မတ်၁၈ရက်၌ ဖော်ပြသည်။

လက်မှတ်ရေးထိုး

နှစ်နိုင်ငံသဘောတူ ကန်ထရိုက်စာချုပ်ကို ဂျပန်သံအမတ်ကြီးနှင့် အင်န်အီးပီစီအီးအမ်အေစီအမှုဆောင်ညွှန်ကြားရေးမှူးတို့ မတ် ၁၉ရက်က လက်မှတ်ရေးထိုးချုပ်ဆိုကြကြောင်း နီပေါနိုင်ငံဟိမဝန္တာတိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စက်လှေတစ်စင်းနစ်မြုပ်

ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့ ပင်လယ်ဆိပ်ကမ်း၌ စက်လှေတစ်စင်း နစ်မြုပ်ရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မတ် ၂၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန် ရဲစစ်ဆေးရေးဂိတ် လက်ပစ်ဗုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခံရ

အစ္စလမ္မာဘတ် မတ် ၂၂

ပါကစ္စတန်နိုင်ငံအနောက်ပိုင်း ဘလူချစ္စတန်ပြည်နယ် ဟတ်ဘ်ချောင်ကီမြို့ရှိ ရဲစစ်ဆေးရေးဂိတ်ကို မတ် ၂၂ရက်နံနက်ပိုင်းက သေနတ်သမားနှစ်ဦး ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ခုနစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

ပစ်ပေါက်ခဲ့

ဟတ်ဘ်ချောင်ကီမြို့ ရဲတပ်ဖွဲ့စစ်ဆေးရေးဂိတ်ကို သေနတ်သမားများက မော်တော်ဆိုင်ကယ်စီးနင်းကာ လက်ပစ်ဗုံးဖြင့် လှမ်းပစ်ခဲ့ရာမှ ပစ်မှတ်ကိုမထိဘဲ ဘတ်စ်ကားဂိတ်ရှိ ခရီးသည်အချို့အား ထိမှန်ခဲ့သည်ဟုဆိုသည်။

အလားတူ ပက်ရှ်ဝါမြို့တော်မှ ၃၅ကီလိုမီတာအကွာရှိ ဖရွန်တီယာပြည်နယ် ချာဆာဒါဒေသ စာသင်ကျောင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ထိခိုက်ဒဏ်ရာရရှိမှုမဖြစ်ခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုဖြင့် နိုင်ငံအလိုက် တတိယနေရာရရှိခဲ့သော မြန်မာမြားပစ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် မတ် ၂၂

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် မတ် ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သော ဒုတိယအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် တတိယနေရာရရှိခဲ့သော အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့သည် မတ် ၁၉ ရက် ညပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌဒေါ်အေးအေး၊ နာယကအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်စိုးဝတ်ရည်နှင့် ဒေါက်တာပန်ဒိုရာအောင်ကြီး၊ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားသမားများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

မြန်မာမြားပစ်အဖွဲ့သည် ဆုတံဆိပ်ငါးခုဖြင့် နိုင်ငံအလိုက် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပြီး ရွှေတံဆိပ်များကို အမျိုးသမီး Compound တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲမှ အောင်ငိုမ်းကတစ်ခုနှင့် Mix-Compound Team ပြိုင်ပွဲမှ ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲကတစ်ခု၊ ငွေတစ်ခုကို Compound အမျိုးသမီးမီတာ ၇၀ မြား ၇၂ ချောင်းပြိုင်ပွဲမှ အောင်ငိုမ်းတို့ကရယူပေးခဲ့ခြင်းဖြစ်သည်။ ကြေးတံဆိပ်နှစ်ခုကိုမူ ဇော်ဝင်းထိုက်က Recurve အမျိုးသားတစ်ဦးချင်း (ရှုံး၊ ထွက်)ပြိုင်ပွဲမှတစ်ခုနှင့် ရဲမင်းဆွေက Compound အမျိုးသားတစ်ဦးချင်း (ရှုံး၊ ထွက်)ပြိုင်ပွဲမှ တစ်ခုတို့ရရှိခဲ့ခြင်း ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲကို ကမ္ဘာ့အဆင့်(၁) တောင်ကိုရီးယား၊ ကမ္ဘာ့အဆင့် (၂၁၃၄) တွင်ရှိသည့် အိန္ဒိယ၊ ဂျပန်၊ တရုတ်၊ အာရှထိပ်သီးနိုင်ငံများဖြစ်သည့် ဩစတြေးလျ၊ အီရန်၊ အရှေ့တောင်အာရှထိပ်သီးနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း အစရှိသည့်နိုင်ငံပေါင်း ၂၂ နိုင်ငံမှ Recurve အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ၅၄ ဦး၊ Compound အမျိုးသား ၃၄ဦး၊ အမျိုးသမီး ၂၀ တို့ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲအပြီးတွင် အိန္ဒိယကရွှေ ၁၂ ခု၊ ငွေ လေးခု၊ ကြေး တစ်ခုဖြင့်ပထမ၊ တောင်ကိုရီးယားကရွှေနှစ်ခု၊ ငွေလေးခု၊ ကြေးနှစ်ခုဖြင့် ဒုတိယ၊ မြန်မာက ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုဖြင့် တတိယနေရာတို့ရရှိခဲ့ကြသည်။

Mix-Compound Team ပြိုင်ပွဲတွင် မြန်မာမှ ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲမှာ ဗိုလ်လုပွဲတွင် ကမ္ဘာ့ထိပ်သီး အိန္ဒိယအသင်းကို ၁၄၇-၁၄၅ မှတ်ဖြင့် အနိုင်ရရှိကာ ရွှေတံဆိပ်ရရှိခဲ့ခြင်းဖြစ်ပြီး အကြိုဗိုလ်လုပွဲတွင် ထိုင်းအသင်းကိုအနိုင်ရရှိစဉ်က ပစ်ခတ်ခဲ့သော ရမှတ် ၁၅၃မှတ်မှာ ပထမဦးဆုံး ထည့်သွင်းကျင်းပသည့် Mix-Compound Team ပြိုင်ပွဲ၏ အာရှစံချိန်သစ်ဖြစ်ခဲ့ကြောင်းသိရသည်။ Compound အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် အောင်ငိုမ်းမှာ ဗိုလ်လုပွဲတွင် အာရှနှင့် အရှေ့တောင်အာရှထိပ်သီး Compound မြားပစ်မယ် ဖိလစ်ပိုင်မှ PAZ AMAYA ကို ၁၁၃-၁၀၈ မှတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး မီတာ ၇၀ မြား ၇၂ ချောင်းအမှတ်ပေးပြိုင်ပွဲတွင်လည်း PAZ AMAYA နှင့် အမှတ်တူပစ်ခတ်ခဲ့သော်လည်း ၁၀ မှတ် ထိချက်နည်းသဖြင့် ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ကမ္ဘာ၊ အာရှနှင့် အရှေ့တောင်အာရှထိပ်သီးနိုင်ငံများကို ကျော်ဖြတ်ပြီး နိုင်ငံအလိုက် တတိယနေရာရရှိခဲ့မှု၊ ဆုတံဆိပ်ရရှိခဲ့သော အောင်ငိုမ်း၊ ရဲမင်းဆွေနှင့် ဇော်ဝင်းထိုက်တို့၏ လက်ရည်နှင့် မြန်မာမြားပစ်အဆင့်အတန်း သိသိသာသာတိုးတက်အောင်မြင်လာမှုကို ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးက ချီးကျူးဂုဏ်ပြုခဲ့ကြောင်း သိရသည်။

လက်ရည်

အောင်ပွဲရမြန်မာမြားပစ်အဖွဲ့တွင် အုပ်ချုပ်သူနည်းပြအဖြစ်လိုက်ပါသွားသော မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး၊ အား/ကာ) က ဤသို့ရှင်းပြသည်။ "ယခုပြိုင်ပွဲမှာ အာရှပတ်လည်ပြိုင်ပွဲဟု အမည်ပေးထားသော်လည်း ကမ္ဘာ့အဆင့်၊ အာရှအဆင့်၊ အရှေ့တောင်အာရှအဆင့် ထိပ်သီးမြားပစ်နိုင်ငံများပါဝင်ယှဉ်ပြိုင်ခဲ့၍ ကမ္ဘာ့အဆင့်ပြိုင်ပွဲဟု သတ်မှတ်၍ ရပါကြောင်း၊ ယင်းပြိုင်ပွဲတွင် ရွှေနှစ်ခု၊ ငွေတစ်ခု၊ ကြေးနှစ်ခု ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည့်အတွက် အများကြီး ကျေနပ်ဂုဏ်ယူပါကြောင်း၊ Mix-Compound Team ပြိုင်ပွဲတွင် ရဲမင်းဆွေနှင့် အောင်ငိုမ်းတို့အတွဲ အကြိုဗိုလ်လုပွဲတွင် ပစ်ခတ်ခဲ့သောရမှတ်မှာ အာရှစံချိန်သစ်ဖြစ်ခဲ့သလို အောင်ငိုမ်းမှာလည်း Compound အမျိုးသမီးတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် အာရှနှင့် အရှေ့တောင်အာရှ နံပါတ်(၁)PAZ AMAYA ကို ကျော်ဖြတ်ပြီး ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ Recurve အမျိုးသားတစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သည့် ဇော်ဝင်းထိုက်မှာ ပထမအဆင့်ယခုပြိုင်ပွဲတွင် Compound အမျိုးသားများထဲ၌ နံပါတ်(၁)ရှိ အိန္ဒိယကစားသမားကို (၁၁၂-၁၁၀) မှတ်ဖြင့် အနိုင်ယူခဲ့သလို ကွာတားဖိုင်နယ်တွင်လည်း အာရှထိပ်သီး အိန္ဒိယကစားသမားကို (၁၁၃-၁၀၉)မှတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ဇော်ဝင်းထိုက် ပစ်ခတ်ခဲ့သော ၁၁၃မှတ် (၉ ဒသမ ၄မှတ်)မှာ မြန်မာပြည်တွင် လေ့ကျင့်စဉ်က ရမှတ်ထက် များစွာသာလွန်ကောင်းမွန်သလို အာရှနှင့်ကမ္ဘာ့အဆင့်မီ ရမှတ်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် ပစ်ခတ်ခဲ့သော အောင်ငိုမ်း၊ ရဲမင်းဆွေနှင့် ဇော်ဝင်းထိုက်တို့၏ လက်ရည်ကိုကြည့်ပြီး ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Tom Delim က အာရှနှင့်ကမ္ဘာ့ အဆင့်မီသည်ဟု ထုတ်ဖော်ချီးကျူးခဲ့ကြောင်း ကမ္ဘာ့အဆင့်မီရမှတ် ပစ်ခတ်နိုင်ခဲ့သော ဇော်ဝင်းထိုက်ကိုလည်း ပြိုင်ပွဲကွင်းအတွင်း သွားရောက်ကာ နှုတ်ဆက်ပြီး ချီးကျူးဂုဏ်ပြုစကားဆိုခဲ့ကြောင်း၊ ထို့အပြင် ၂၀၁၂ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်တစ်နေရာအတွက် ဇော်ဝင်းထိုက်အား ထည့်သွင်းစဉ်းစားမည်ဟု မိမိကို ပြောကြားခဲ့ကြောင်း၊ မြန်မာမြားပစ်အားကစား၏ သိသိသာသာတိုးတက်အောင်မြင်လာမှုကိုချီးကျူးကြောင်း ၄င်းကဆက်လက်ပြောကြားခဲ့ပြီး အာရှမြားပစ်အဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၏ ဆောင်ရွက်မှုများကို အထူးချီးကျူးခဲ့သလို အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးတင့်ဆန်း၏ ပံ့ပိုးအားပေးမှုများကိုလည်း ကျေးဇူးတင်သည်ဟု ပြောကြားခဲ့ပါကြောင်း။

ယခုပြိုင်ပွဲတွင် မြန်မာမြားပစ်အဖွဲ့ အောင်မြင်မှုရရှိခဲ့ခြင်းမှာ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်တို့၏ လမ်းညွှန်ကြီးကြပ်မှု၊ အဖွဲ့ချုပ်ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီ)နှင့် ဥက္ကဋ္ဌဦးတင့်ဆန်း (ACE ဆောက်လုပ်ရေး)တို့၏ ပံ့ပိုးကြီးကြပ်မှု၊ အဖွဲ့ခေါင်းဆောင်၊ အုပ်ချုပ်သူနည်းပြကစားသမားများ၏ ကြိုးစားမှုကြောင့် ဖြစ်ပါကြောင်း" ပြောကြားသွားသည်။

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ရွှေဆုရ အောင်ငိုမ်းနှင့် ရဲမင်းဆွေအား မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးဦးကျော်ဦး၊ ဒုတိယညွှန်ကြားရေးမှူး(အား/ကာ)နှင့်အတူ တွေ့ရစဉ်။ (မြန်မာ့အလင်း)

ပြင်ဆင်နေ

ရေရှည်စီမံကိန်းများနှင့် ပတ်သက်၍ ဦးကျော်ဦးက "မြားပစ်အဖွဲ့ချုပ်အနေဖြင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ လမ်းညွှန်ကြီးကြပ်မှုကိုခံယူလျက် ၂၀၁၁ခုနှစ်နှင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရန် ပြင်ဆင်နေပါကြောင်း၊ မျိုးဆက်သစ်ကစားသမားများရှာဖွေရန် တက္ကသိုလ်၊ ကောလိပ်များ မြားပစ်အခြေခံသင်တန်းနှင့် အဆင့်မြင့်သင်တန်းတို့ဖွင့်လှစ်၍ သွေးသစ်အားကစားသမားများရွေးချယ်ထားသလို မတ်လကုန်မှ ဇွန်လအတွင်းတွင် ပြည်နယ်/တိုင်းအသီးသီး၌ မျိုးဆက်သစ်များကို ရှာဖွေရန်ရှိကြောင်း၊ အောက်တိုဘာလ ပထမပတ်တွင်(၄)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန်ရှိပြီး ရွှေတံဆိပ်အများဆုံးနှင့် နိုင်ငံအလိုက်ပထမ၊ ဒုတိယ၊တတိယရရှိအောင် ပြင်ဆင်လေ့ကျင့်သွားမည်ဖြစ်ကြောင်း၊ ဟောင်းနွမ်းနေသောမြားနှင့် အပိုပစ္စည်းများကို ဝယ်ယူဖြည့်တင်းသွားမည်ဖြစ်ကြောင်း၊ ဇွန်လနောက်ဆုံးပတ်တွင် တရုတ်(တိုင်ပေ)၌ကျင်းပမည့် တတိယအကြိမ် အာရှပတ်လည်ပြိုင်ပွဲနှင့် နိုဝင်ဘာလတွင် တရုတ်နိုင်ငံ၌ကျင်းပမည့် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ရှိကြောင်း" ဖြင့် ပြောကြားသွားသည်။ ။

(မြန်မာ့အလင်း)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

ပါကစ္စတန်၌ ကန်တို့ လေကြောင်းမှတိုက်ခိုက်

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်ပြည်နယ်၌ အမေရိကန် မောင်းသူမဲ့လေယာဉ်တစ်စင်း ဒုံးကျည်ဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံငါးဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ဗင်နီဇွဲလားအရှေ့ပိုင်း၌ လေယာဉ်ပျက်ကျ

ဗင်နီဇွဲလားနိုင်ငံအရှေ့ပိုင်း ကရာကတ်စ်မြို့အနီးတွင် မတ် ၂၂ရက်က လေယာဉ်ငယ်တစ်စင်း မတော်တဆဖြစ်ရပ်ကြောင့် ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူသုံးဦး သေဆုံးပြီး ၁၃ဦးဒဏ်ရာရရှိခဲ့ကြောင်း ဗင်နီဇွဲလားလေကြောင်းအရာရှိများက ပြောကြားသည်။ (အောက်ပုံ)

ပေကျင်း၌ သဲမုန်တိုင်း ထပ်မံတိုက်ခတ်

တရုတ်နိုင်ငံမြို့တော်ပေကျင်းတွင် မတ် ၂၂ ရက်က သဲမုန်တိုင်းထပ်မံတိုက်ခတ်ခံရကြောင်း၊ ယင်းသဲမုန်တိုင်းသည် အတွင်းမွန်ဂိုလီးယားဒေသဘက်မှတိုက်ခတ်လာခြင်းဖြစ်ကြောင်း၊ လေယာဉ်ခရီးစဉ်အချို့ရွှေ့ဆိုင်းထားရကြောင်း တရုတ်အရာရှိများက သတင်းထုတ်ပြန်သည်။

လက်ဘနွန်တပ်ဖွဲ့ အစ္စရေးလေယာဉ်များကို ပစ်ခတ်

လက်ဘနွန်နိုင်ငံအရှေ့တောင်ပိုင်း ဝေဟင်ပိုင်နက်အတွင်း မတ် ၂၂ရက်က ပျံသန်းဝင်ရောက်လာသော အစ္စရေးတို့၏ဂျက်တိုက်လေယာဉ်နှစ်စင်းအား လက်ဘနွန်တပ်ဖွဲ့ဝင်များက ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးဂျက်တိုက်လေယာဉ်များ ပြန်လည်ပျံသန်းသွားခဲ့ကြောင်း လက်ဘနွန်အရာရှိများက မတ် ၂၂ရက်၌ ပြောကြားသည်။

တရုတ်မြောက်ပိုင်း၌ စီးပွားရေးဇုန်သစ် တည်ဆောက်မည်

တရုတ်နိုင်ငံမြောက်ပိုင်း ချန်ဒူ-ချုံကျင်း စီးပွားရေးဇုန် စီမံကိန်းသစ်တည်ဆောက်ရေးကို စတင်အကောင်အထည်ဖော်တော့မည်ဖြစ်ကြောင်း၊တရုတ်အစိုးရကလည်းခွင့်ပြုမည်ဖြစ်ကြောင်း တရုတ်အရာရှိများက မတ် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

အာဂျင်တီးနားသမ္မတ ပီရူးသို့ အလည်အပတ်ရောက်ရှိ

အာဂျင်တီးနားသမ္မတ ခရစ္စတီးနားဖာနန်ဒက်စ်သည် နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးတိုးမြှင့်ရန် ပီရူးနိုင်ငံသို့ မတ် ၂၂ရက်က ရောက်ရှိလာကြောင်း၊ အာဂျင်တီးနားသမ္မတတစ်ဦးအနေဖြင့် ၁၆နှစ်အတွင်း ပီရူးနိုင်ငံသို့ ပထမဆုံးအကြိမ် ရောက်ရှိလာခြင်းဖြစ်ကြောင်း ပီရူးအရာရှိများက မတ် ၂၁ရက်၌ ပြောကြားသည်။

တောင်ကိုရီးယားကုမ္ပဏီ ပြည်ပလေလံများရရှိ

တောင်ကိုရီးယားနိုင်ငံမှ အက်စ်တီအိတ်စ် သင်္ဘောတည်ဆောက်ရေးကုမ္ပဏီသည် ယခုနှစ်အတွင်း တူရကီနှင့် တရုတ်နိုင်ငံတို့မှ သင်္ဘောကိုးစင်းတည်ဆောက်ရန် လေလံများရရှိခဲ့ကြောင်း၊ ယင်းလေလံများမှာ အမေရိကန်ဒေါ်လာသန်း ၂၆၀ခန့်ရှိကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

ခရီးသည်တင်လေယာဉ် မော်စကိုအနီး အရေးပေါ်ဆင်းသက်ခဲ့ရ

ရုရှားနိုင်ငံ မော်စကိုမြို့အနီးတွင် မတ်၂၂ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း အင်ဂျင်ချွတ်ယွင်းမှုကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း၊ ခရီးသည်နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ယင်းလေယာဉ်မှာ အီဂျစ်မှပျံသန်းလာခြင်းဖြစ်ပြီး မော်စကိုမြို့ ဒိုမိုဒီဒိုဗိုလေဆိပ်သို့အရေးပေါ်ဆင်းသက်ခဲ့ခြင်းဖြစ်ကြောင်း မော်စကိုမြို့မှ လေကြောင်းအရာရှိများက ပြောကြားသည်။

ဟေတီ၌ အဆောက်အအုံပြိုကျ၊ နှစ်ဦးသေဆုံး

ဟေတီနိုင်ငံမြောက်ပိုင်း ပို့စ်အော်ပရင့်စ်မြို့တွင် မတ်၂၂ရက်က ရစ်ချ်တာစကေး ၅ဒသမ၆အဆင့်ရှိငလျင်လှုပ်မှုကြောင့် အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ နှစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ဟေတီအရာရှိများက သတင်းထုတ်ပြန်သည်။

အစ္စရေးလေယာဉ်များ ဂါဇာမြို့အား ဆက်လက်တိုက်ခိုက်

အစ္စရေးတိုက်လေယာဉ်များ မတ် ၂၂ရက်က ဂါဇာကမ်းမြောင်ဒေသရှိ ဂါဇာမြို့အား ဆက်လက်တိုက်ခိုက်ခဲ့ရာ နေအိမ်အဆောက်အအုံအချို့ပျက်စီးခဲ့ပြီး ဒေသခံ ၁၄ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

ဂျပန်ကမ်းလွန်၌ ရုရှားသင်္ဘော တာဝန်ပြန်ထမ်းဆောင်

ဂျပန်ကမ်းလွန်ပင်လယ်ပြင်တွင် ပင်လယ်ပြင်လုံခြုံရေးအတွက် ရုရှားစစ်သင်္ဘောတစ်စင်း ပုံမှန်တာဝန်များ ပြန်လည်ထမ်းဆောင်နေပြီဖြစ်ကြောင်း ရုရှားစစ်ဘက်အရာရှိများက မတ် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

အိန္ဒိယ၏ ဒုံးပျံကာကွယ်ရေးစနစ် ဖြန့်ကြက်မည်

အိန္ဒိယနိုင်ငံက လာမည့် ၂၀၁၂ခုနှစ်တွင် ဒုံးပျံကာကွယ်ရေးစနစ်ကို စတင်ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း အိန္ဒိယစစ်ဘက်အရာရှိများက မတ် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ဘက်မလိုက်လှုပ်ရှားမှုနိုင်ငံများအကြား ဘာသာပေါင်းစုံဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းသောယဉ်ကျေးမှုဓလေ့တည်ဆောက်ရန် မြန်မာနိုင်ငံ၏ခံယူချက်ကို အတည်ပြုပြောကြား

ဝန်ကြီး ဦးဉာဏ်ဝင်း ဘက်မလိုက်လှုပ်ရှားမှုအစည်းအဝေးမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၆ရက်မှ ၁၈ရက်အထိ ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့၌ကျင်းပသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘာသာပေါင်းစုံ တွေ့ဆုံဆွေးနွေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဘက်မလိုက်လှုပ်ရှားမှု ဝန်ကြီးများ၏ အထူးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် မတ် ၁၉ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

အဖွင့်မိန့်ခွန်း

အဆိုပါ အထူးအစည်းအဝေးကို မတ် ၁၇ရက် နံနက်ပိုင်းတွင် မနီလာမြို့ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ စတင်ဖွင့်လှစ်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ်ဂလိုရီယာ မာဂါပါကဲလ် အာရိုယို တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။

ယင်းအထူးအစည်းအဝေးသို့ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် ၈၃နိုင်ငံ၊ လေ့လာသူ ၁၈နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းငါးခုတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး နိုင်ငံပေါင်း ၄၀မှ ဝန်ကြီးအဆင့်ဖြင့် ဦးဆောင်တက်ရောက်ခဲ့ကြသည်။

ယှဉ်တွဲနေထိုင်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အဆိုပါနေ့ နံနက်ပိုင်း မျက်နှာစုံညီအစည်းအဝေး၌ မူဝါဒရေးရာ မိန့်ခွန်းပြောကြားခဲ့ရာတွင် ငြိမ်းချမ်းသာယာပြီး လူမှုဘဝ ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးတည်ဆောက်ရေးအတွက် ဘာသာအချင်းချင်း တစ်ဦးနှင့်တစ်ဦး ယုံကြည်လေးစားကာ တန်းတူဆက်ဆံကြရန် အရေးကြီးကြောင်း၊ ဘာသာတစ်ခုနှင့် တစ်ခု သိနားလည်စေရန်၊ အပြန်အလှန် အမြင်ချင်းဖလှယ်ပြီး ယုံကြည်မှုတည်ဆောက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အတူတကွ လက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မြန်မာနိုင်ငံ၌ ခြားနားသည့် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့များအကြား မိမိယုံကြည်ရာကို လွတ်လပ်စွာ ကိုးကွယ်ကြလျက် စည်းလုံးညီညွတ်စွာ အတူတကွ ယှဉ်တွဲနေထိုင်လျက်ရှိကြောင်း ထည့်သွင်းပြောကြားပြီး ဘက်မလိုက်လှုပ်ရှားမှု နိုင်ငံများအကြား ဘာသာပေါင်းစုံ ဆွေးနွေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ငြိမ်းချမ်းသော ယဉ်ကျေးမှုဓလေ့ တည်ဆောက်ရန် မြန်မာနိုင်ငံ၏ ခံယူချက်ကိုလည်း ထပ်လောင်း အတည်ပြုပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘာသာပေါင်းစုံ တွေ့ဆုံဆွေးနွေးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဘက်မလိုက်လှုပ်ရှားမှု ဝန်ကြီးများ၏ အထူးအစည်းအဝေးသို့ တက်ရောက်စဉ်။
(နိုင်ငံခြားရေး)

ယင်းအထူးအစည်းအဝေးက ငြိမ်းချမ်းသော ယဉ်ကျေးမှုဓလေ့ တည်ဆောက်ရေး၊ ဘာသာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ပေါင်းစုံ တွေ့ဆုံဆွေးနွေးရေးတို့ကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် အဖွဲ့ဝင်နိုင်ငံများက အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် လုပ်ငန်းစီမံချက်များ ပါဝင်သော မနီလာ ကြေညာစာတမ်းကို အတည်ပြု ချမှတ်ခဲ့သည်။

ဆွေးနွေးညှိနှိုင်း

အထူးအစည်းအဝေးမတိုင်မီ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးကို မတ် ၁၆ရက်တွင် ကျင်းပပြီး မနီလာကြေညာစာတမ်းမူကြမ်းကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် မတ် ၁၇ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Albertc G. Romulo ၊ အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mohammad Fathollahi ၊ ဒိုမီနီကန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Fran Hans Dannenberg၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Marty Natalegawa၊ တီမောလက်စ်တေ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Zacarias Albanoda Costa၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Dr. Dipumoni တို့နှင့်လည်းကောင်း၊ မတ်၁၈ရက်တွင် မော်ရိုကိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Madame Latifa Akharbach နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့သည်။

(သတင်းစဉ်)

ယခုအပတ် မြန်မာပို့စ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် မတ် ၂၂

မြန်မာပို့စ်ဂျာနယ် အတွဲ (၂)၊ အမှတ် (၁၂)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ တစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိထားသည်။

မြန်မာနိုင်ငံ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံမေးမြန်းတင်ပြထားသည့် ၂၀၁၅ခုနှစ် မတိုင်မီ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ လုပ်နိုင်ကိုင်နိုင်အရှိန်ရအောင် ဖြေလျှော့သင့်သည်ကို ဖြေလျှော့ သတင်းဆောင်းပါး၊ တရုတ်၊ မြန်မာ၊ အိန္ဒိယ စီးပွားကုန်သွယ်လုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် လီဒိုလမ်းမကြီးသို့ ကိုယ်တိုင်သွားရောက် လေ့လာတင်ပြထားသော ကမ္ဘာကျော် လီဒိုလမ်းမကြီး ပြန်လည်နိုးထလာပြီ သတင်းဆောင်းပါး၊ ဆရာမောင်ဝံသ၏ အီရတ်ရွေးကောက်ပွဲအခြေအနေစသည့် ဆောင်းပါးများကို ဖော်ပြထားသည်။

ဝေဝေဆာဆာဖော်ပြ

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားသော ရွေးကောက်ပွဲဆိုင်ရာ သူတို့အမြင် သူတို့သဘောထား အပါအဝင် ၂၀၁၀ရွေးကောက်ပွဲဆိုင်ရာ သိရှိသင့် သိရှိထိုက်သော ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့် နိုင်ငံရေးပါတီဖွဲ့စည်းလှုပ်ရှားမှု အခြေအနေများကို ပြည့်ပြည့်စုံစုံ လေ့လာတင်ပြထားသည်။ ထို့အပြင် မြန်မာပို့စ်ဂျာနယ်တွင် ပြည်တွင်း၊ ပြည်ပ နိုင်ငံရေး၊ စီးပွားရေးသတင်းများ၊ နိုင်ငံတကာ အားကစား၊ ပြည်တွင်းပြည်ပ အနုပညာသတင်းများ၊ ကမ္ဘာတစ်လွှား ထူးခြားဆန်းပြားဖြစ်ရပ်များ၊ မှုခင်းစုံ စသည့် တင်ဆက်နေကျကဏ္ဍများကို ဝေဝေဆာဆာ ဖော်ပြပါရှိသည်။

United Media Group မှ မြန်မာပို့စ်ဂျာနယ်အပြင် The Star News ဂျာနယ်ကိုလည်း အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။ **(သတင်းစဉ်)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မြောက်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းဖွယ်

နေပြည်တော် မတ် ၂၂

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ချင်းပြည်နယ်တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မတ်လ၏ပျမ်းမျှ အပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ မုံရွာမြို့၊ မန္တလေးမြို့၊ မြင်းခြံမြို့နှင့် သယာဝတီမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၂၃ ရက် ညနေအထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။
ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် မတ် ၂၂

ခရမ်းအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်စုံညီ အစည်းအဝေးကို ဧပြီ ၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ရန်ကြီးအောင်လမ်း တိုက်အမှတ် ၁၄/ဘီ အမှတ် ၀၀၁၌ ကျင်းပမည်ဖြစ်သည်။

အထက(၂) ကမာရွတ် မြတ်ဆရာပူဇော်ပွဲ

အထက(၂) ကမာရွတ် ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် အဆိုပါကျောင်း တေဇခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆရာကြီးဦးဘတုတ်အား ဂုဏ်ပြုကန်တော့ပွဲ

မန္တလေးတက္ကသိုလ်၊ ကောလိပ် ၁၉၄၇-၁၉၄၈ စတင်ဖွင့်လှစ်စဉ်က တည်ထောင်သူများအနက် တစ်ဦးတည်းသော အသက်ထင်ရှားရှိနေသူ ဆရာကြီး ဦးဘတုတ် အသက် (၉၀)အား ၁၉၄၇-၁၉၄၈ ကျောင်းသား ကျောင်းသူများက ကမကထပြု၍ ဧပြီ ၁၀ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ နှင်းဆီကုန်းဘိုးဘွားရိပ်သာ မင်္ဂလာခန်းမ၌ ဂုဏ်ပြုကန်တော့ပွဲ ကျင်းပမည်ဖြစ်ရာ ပါဝင်ကန်တော့လိုသူ တပည့်များသည် ဦးလှမိုး ဖုန်း-၀၁-၆၅၁၉၀၃၊ ဦးအုန်း(သစ်တော) ဖုန်း-၀၁-၆၆၃၆၈၀ နှင့် ဦးဘသန်း(မဟာဝိဇ္ဇာ) ဖုန်း-၀၁-၅၇၉၁၀၄ တို့သို့ ဆက်သွယ်နိုင်သည်။

မရမ်းကုန်းမြို့နယ်စာနယ်ဇင်း ရေးသူဖတ်သူ ဆွေးနွေးပွဲ

မရမ်းကုန်းမြို့နယ် ရေးသူဖတ်သူ စာပေဆွေးနွေးပွဲကို မတ် ၁၃ရက် မွန်းလွဲ ၁နာရီက ရုပ်ရှင်စာကြည့်တိုက်၌ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်-မရမ်းကုန်း)က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာ မောင်ကျေးဇူး၊ ညွန့်ဝေ(ကသာ)နှင့် သန်လျင်မောင်မောင်ဦးတို့က စာပေရေးရာများ ဆွေးနွေးကြသည်။

စာအုပ်တိုက်များ၏ စာအုပ်ရောင်းပွဲ ကျင်းပ

သီဟရတနာ၊ မုံရွေး၊ Quality၊ Unity၊ ရတနာပုံ၊ သူရိယနှင့် စိတ်ကူးချိုချို စာအုပ်တိုက်များ၏ အထူးနှုန်းဖြင့် စာအုပ်ရောင်းပွဲကို မတ် ၂၆ရက်(သောကြာနေ့)အထိ နံနက် ၉နာရီမှ ညနေ ၆နာရီအတွင်း အမှတ် ၁၃၃ လမ်းမတော်လမ်း(သံဈေးရှေ့) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ သီဟရတနာစာအုပ်တိုက်၌ ခင်းကျင်းရောင်းချလျက်ရှိသည်။

သရုပ်ဆောင် အခြေခံသင်တန်း တက်ရောက်နိုင်

မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် ရုပ်ရှင်အစည်းအရုံးတို့၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်သော စံကားဝါသရုပ်ဆောင် အခြေခံသင်တန်းကို ဝါရင့်ပညာရှင်များက သင်ကြားပြသပေးမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ အမှတ်(၂) မိုးကောင်းလမ်း ရန်ကင်းမြို့နယ် ဖုန်း-၅၄၁၀၀၂ သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်သည်။

ကေတုမတီမြို့တည်နန်းတည် နှစ် ၅၀၀ ပြည့် လိုဂိုပြိုင်ပွဲဖိတ်ခေါ်

ပဲခူးတိုင်း တောင်ငူမြို့ ကေတုမတီမြို့တည်နန်းတည် နှစ် ၅၀၀ ပြည့် ပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်တွင် တောင်ငူမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အထိမ်းအမှတ်တံဆိပ် Logo ပြိုင်ပွဲဝင်ရေးအတွက် ဖိတ်ခေါ်ထားပြီး ဖုန်း-၀၅၄-၂၄၄၀၁ နှင့် ၀၅၄-၂၃၁၆၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

အမြင်သစ်စာပေ စာအုပ်ဈေးရောင်းပွဲ ခင်းကျင်း

အမြင်သစ်စာအုပ်စာပေနှင့် မီဒီယာမှ နေရာရွှေ့ပြောင်းဖွင့်လှစ်ပွဲနှင့် သင်္ကြန်အကြိုကာလ အထူးလျှော့နှုန်းဈေးရောင်းပွဲကို မတ်လ တတိယပတ်မှ ဧပြီ ၁၀ရက်အထိ စာအုပ်အသစ်အဟောင်း၊ ရှားပါး စာပေစာအုပ်မျိုးစုံကို အမှတ် ၁၄၆ (က) ၃၇လမ်း မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းကြားတွင် ၁၀ရာခိုင်နှုန်းလျှော့ ရောင်းချပေးလျက်ရှိသည်။

နွေရာသီရေကူးသင်တန်း တက်ရောက်နိုင်

နွေရာသီရေကူးသင်တန်းကို ကန်တော်ကြီးရေကူးကန်နှင့် အပန်းဖြေစခန်း၌ မတ် ၂၉ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်ဟောင်းများက စနစ်တကျ သင်ကြား ပြသပေးမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ ဖုန်း-၅၅၄၂၆၆ နှင့် ၅၅၃၉၃၁ တို့သို့ ဆက်သွယ်နိုင်သည်။

ဟောပြောပွဲ အခမဲ့တက်ရောက်နိုင်

ကျောင်းသားလူငယ်များ မိမိတို့နှင့် သင့်တော်မည့် သင်ကြားမှုလမ်းကြောင်းကို ရွေးချယ်နိုင်ရန်နှင့် သတင်းအချက်အလက်များကို ရရှိနိုင်ရန် ရည်ရွယ်သော ဟောပြောပွဲကို မတ် ၂၇ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ မြေပဒေသာကျွန်း ဒေါ်လ်ဖင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ မတ်၂၅ရက် နောက်ဆုံးထား၍ ဖုန်း-၃၈၆၆၉၃ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

တပ်မတော်အစိုးရလက်ထက်
ဖွံ့ဖြိုးတိုးတက်လာသော မြန်မာ့မီးရထားကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၉	တိုးတက်မှု
၁။	ရထားလမ်းအရှည် (မိုင်)	၁၉၇၆·၃၅	၃၄၁၀·၀၈	၁၄၃၃·၇၃
၂။	ဘူတာ	၄၈၇	၈၆၈	၃၈၁
၃။	တံတားကြီး/တံတားငယ် (စင်း)	၅၆၅၀	၁၀၉၀၈	၅၂၅၈

ရွှေညောင်-နမ့်စန် ရထားလမ်းဖောက်လုပ်ရေးတွင် တပ်မတော်သားများ ဤသို့ တက်တက်ကြွကြွ ပါဝင်ခဲ့ကြသည်။

(သတင်းစဉ်)

ကံမ-သရက် ရထားလမ်း

ပြည်ထောင်စုရထားလမ်းကွန်ရက်၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် ဧရာဝတီအနောက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု စေလျက်ရှိသည့် ကံမ-သရက် ရထားလမ်းကို ဤသို့တွေ့ရသည်။

(မြန်မာ့အလင်း)

(၆၅)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြု

မြန်မာ့မီးရထားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်သားများ ပါဝင်ဖောက်လုပ်ခဲ့သည့် ရထားလမ်းပိုင်းများ

စဉ်	ရထားလမ်းပိုင်း	ခရီးမိုင်
၁။	ရွှေညောင်-ရပ်စောက်	၃၇·၅၀
၂။	အောင်ပန်း-ပင်လောင်း	၄၈·၅၈
၃။	ပင်လောင်း-လွိုင်ကော်	၅၃·၃၄
၄။	ပခုက္ကူ-မင်းရွာ	၃၃·၆၀
၅။	ပခုက္ကူ-မြိုင်-မြို့စိုး	၃၄·၆၂
၆။	မြို့စိုး-ဇီးပြား	၂၇·၄၆
၇။	ကလေး-နတ်ချောင်း	၁၄·၁၂
၈။	နမ့်စန်-မိုးနဲ	၂၇·၅၆
၉။	ထားဝယ်-ရေဖြူ	၁၀·၇၂
၁၀။	နမ့်ချောင်း-ဂန့်ဂေါ	၆၈·၈၇
၁၁။	ဘန်းယဉ်-ဖာမွန်း	၂၇·၄၂
၁၂။	တောင်ကြီး-ဖာမွန်း	၆·၂၀
၁၃။	ပုဂံ-ဆားခါး	၃၄·၈၉
၁၄။	ရေး(ချောင်းတောင်)-ကလော့ကြီး	၂·၇၆
၁၅။	ပုဂံ-ကျောက်ပန်းတောင်း	၂၉·၉၂
၁၆။	ဇီးပြား-ကျော	၃၁·၄၆
၁၇။	အောင်လံ-ဆတ်သွား	၄၉·၉၇
၁၈။	ဂန့်ဂေါ-ရေမျက်နီ	၂၂·၃၅
၁၉။	ပြည်-အောင်လံ	၄၀·၃၈
၂၀။	ရွှေညောင်-တောင်ကြီး	၂၀·၈၁
၂၁။	ရေဖြူ-ကလော့ကြီး	၈၇·၉၉
၂၂။	ပျော်ဘွယ်-ရန်အောင်	၄·၇၅
	စုစုပေါင်း	၇၁၅·၂၇

အုတ်ဖိုစု-သီလဝါရထားလမ်းဖောက်လုပ်ရေးတွင် တပ်မတော်သားများ တစ်တပ်တစ်အား ဝိုင်းဝန်းပါဝင်ဆောင်ရွက်ခဲ့ကြစဉ်။

(သတင်းစဉ်)

ရွှေညောင်-တောင်ကြီး ရထားလမ်း

ရွှေညောင်-တောင်ကြီး ရထားလမ်းဖောက်လုပ်ရေးတွင် တပ်မတော်သားများ ဤသို့ အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)

မကွေး-တောင်တွင်းကြီး ရထားလမ်းဖောက်လုပ်စဉ်က တပ်မတော်သားများ ဤသို့ တက်ညီလက်ညီ ပါဝင်ဖောက်လုပ်ခဲ့ကြသည်။

(သတင်းစဉ်)

(၆၅)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ပြည်သူကြားက ပြည်သူ့သားကောင်း မြန်မာ့တပ်မတော်

ပန်းတောင်းသန်းကြွယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟု ယနေ့ ဖြစ်တည်နေသည့် ဘူမိနက်သန် မြေကြီးပေါ်တွင် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် စတင်ပေါက်ဖွား ရှင်သန်လာခဲ့သော လူသားမျိုးနွယ်တစ်ရပ်သည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော် ပွားစီးခဲ့ပြီး "မြန်မာလူမျိုး"အဖြစ် သမိုင်းအစဉ်အဆက် တိုးတက်ဖြစ်ပေါ်လာခဲ့သည်မှာ ဂုဏ်ယူဝင့်ကြွားဖွယ် အမျိုးသားရေး ဂုဏ်ဒြပ်တစ်ခုပင် ဖြစ်သည်။ မိမိတို့ တိုင်းရင်းသားလူမျိုးစုများသည် သုခ၊ ဒုက္ခအပေါင်းကို အေးအတူ ပူအမျှ ဝေမျှခံစားလျက် ခွဲခြားမရသော မိသားစုကြီးအဖြစ် ပေါင်းစည်းယှက်နွယ် အတူတကွ နေထိုင်ခဲ့ကြသည်။

အစဉ်အလာကောင်းများက ဖန်တီးဖော်ဆောင်ခဲ့သည့် အကျိုးရလဒ်ကောင်းများကြောင့် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားသော "မြန်မာ" ဟူသည့် တစည်းတလုံးတည်းသော လူမျိုးအဖြစ် တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ မြန်မာတို့သည် မြန်ဆန်သန်မာသူများဖြစ်ပြီး အရေးအရာ ပေါ်ပေါက်လာပါက ခက်ထန်တင်းမာစွာ နည်းလမ်းတကျ တုံ့ပြန်တတ်သူများ ဖြစ်သည်။

မြန်မာ့သမိုင်းစဉ် တစ်လျှောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသား လူမျိုးစုများအားလုံးသည် တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ရှိခဲ့ကြပြီး ပြည်ပရန်စွယ် အသွယ်သွယ်ကို တက်ညီလက်ညီ လက်တွဲတွန်းလှန် တိုက်ဖျက်နိုင်ခဲ့သဖြင့်လည်း "ပြည်ထောင်စုမြန်မာနိုင်ငံတော်" ဟူ၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်ထည်ဝါစွာ ရပ်တည်နေနိုင်ခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာဆိုသော လွတ်လပ်မှုကို ကာကွယ်ရန်အတွက် "ခွန်အား" ရှိရမည်ဖြစ်ပေရာ နိုင်ငံများအနေဖြင့် ခွန်အားရရှိရေးအတွက် ကြိုးပမ်းကြရမည်ဖြစ်သည်။ အကယ်၍ ခွန်အားချို့တဲ့ ပိန်လှီနေပါက ကိုယ့်အပေါ် ဗိုလ်ကျစိုးမိုးလိုသည့် အခြားနိုင်ငံများ၏ စိုးမိုးမှုကို အနည်းနှင့်အများဆိုသလို ခံကြရမည် ဖြစ်သည်။ နိုင်ငံများအနေဖြင့် ခွန်အားရှိအောင် ဆောင်ရွက်ရာတွင် ယေဘုယျအားဖြင့်-

- **စီးပွားရေးအင်အား တောင့်တင်းစေခြင်း။**
- **နိုင်ငံရေးအင်အား တောင့်တင်းစေခြင်း။**
- **နိုင်ငံတော်၏ ကာကွယ်ရေးအင်အား တောင့်တင်းစေခြင်း တို့ကို**

ကြိုးပမ်းအကောင်အထည်ဖော်ကြရသည်။

နိုင်ငံတစ်ခုသည် စီးပွားရေးအင်အား မတောင့်တင်းပါက စစ်မက်ဖြစ်ပွားမှုအဆင့် မရောက်ရှိသေးသည့် ဖိအားပေးမှုတစ်ခုခု ပေါ်ပေါက်လာလျှင်ပင် တောင့်ခံနိုင်သည့် အင်အားရှိမည်မဟုတ်ပေ။ စီးပွားရေးအရ တောင့်တင်းသည်ဟု ဆိုရာတွင် ငွေကြေးချမ်းသာရုံနှင့် မလုံလောက်သေးဘဲ ကိုယ့်နိုင်ငံအကျပ်အတည်း ကျရောက်သည့် အခါတွင် ကြံ့ကြံ့ခံနိုင်သည့် လုံလောက်သော မဟာဗျူဟာမြောက် အရန်အင်အားရှိရန် လိုအပ်ပေသည်။

အလားတူ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် လွတ်လပ်စွာ ရှင်သန်နိုင်ရေးတွင် နိုင်ငံရေးအင်အား ခိုင်မာတောင့်တင်းရန်လည်း လိုအပ်လှသည်။ နိုင်ငံသားတိုင်း အမျိုးသားနိုင်ငံရေးကို ရှေ့တန်းတင်ကြရမည်။ မိမိတို့နိုင်ငံတွင် နိုင်ငံသားဖြစ်နေရမှုကို ဂုဏ်ယူတတ်ကြရမည်။ ကိုယ့်နိုင်ငံ၏ ယဉ်ကျေးမှု အစဉ်အလာ၊ မြင့်မြတ်သော သမိုင်းကြောင်းနှင့်တကွ နိုင်ငံ၏ တည်ငြိမ်စွာ ရပ်တည်နေရမှုတို့အပေါ် နားလည်ဂုဏ်ယူတတ်ကြရမည်။ နိုင်ငံတစ်ခု၏ လူမျိုးစုများအနေဖြင့်လည်း နိုင်ငံသားအဖြစ် ရပ်တည်နေရမှုကို အမြတ်တနိုး ဂုဏ်ယူတတ်ရမည့်အပြင် မိမိကိုယ်ကို မိမိ အားကိုးသည့် စိတ်ဓာတ်လည်း ရှိကြရမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတစ်နိုင်ငံ၏ ကာကွယ်ရေးအင်အား တောင့်တင်း ခိုင်မာရန် လိုအပ်ချက်မှာလည်း အထူးပင် အရေးကြီးလှသည်။ နိုင်ငံတစ်နိုင်ငံအား ပြည်ပမှ ကျူးကျော်စော်ကားလာသည့်အခါတွင် နိုင်ငံချင်း၊ လူမျိုးချင်း အားပြိုင်မှုပင်ဖြစ်၍ ပြည်သူတစ်ရပ်လုံး ပါဝင်လှုပ်ရှားဆန့်ကျင်မှု ပြုရမည်ဖြစ်သည်။ သို့သော် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လှုပ်ရှားဆောင်ရွက်လာရန် အချိန်အတိုင်းအတာတစ်ရပ် လိုအပ်သဖြင့် ကျူးကျော်လာသူမှန်သမျှအား အရင်ဦးဆုံး ထိပ်တိုက်ရင်ဆိုင်ရမည့် အင်အားစုမှာ ကာကွယ်ရေး အင်အားစုပင် ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်း၌ မည်သည့်နိုင်ငံကြီးငယ်မဟူ တပ်မတော် အသီးသီးကို ဖွဲ့စည်းကြရခြင်းဖြစ်သည်။ အင်အားနည်းသည်၊ များသည်၊ ကြီးသည်၊ ငယ်သည် မခွဲခြားဘဲ မိမိတပ်မတော်၏ စွမ်းရည်ကို အတတ်နိုင်ဆုံး တိုးမြှင့်ပြီး ခေတ်မီအောင် ကြိုးပမ်းကြရသည်။

နိုင်ငံတစ်ခုတွင် တပ်မတော်မရှိပါက ထိုနိုင်ငံသည် သူတကာ၏ မလေးမစားပြုမှု ဆက်ဆံမှုကို မလွဲမသွေ ခံကြရမည်ဖြစ်သည်။

နှစ်ပေါင်းထောင်ချီ၍ ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့် မျိုးရိုးဂုဏ်ရှိန် ထည်ဝါမြင့်မားစွာ ရပ်တည်ခဲ့သည့် မြန်မာနိုင်ငံတော်ကြီးသည် ပရိယာယ်ဝေစုစ်များလှသော ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခိုက်အတန့်အားဖြင့် ပျက်ပြားခဲ့ရပြီး သူ့ကျွန်ဘဝသို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရသည်မှာ မေ့ပျောက်မရနိုင်သည့် သမိုင်းပေးသင်ခန်းစာပင်ဖြစ်သည်။ ၁၈၂၄ခုနှစ်တွင် ဗြိတိသျှ နယ်ချဲ့တို့က စတင်ကျူးကျော်တိုက်ခိုက်၍ အင်္ဂလိပ်-မြန်မာစစ်ပွဲ သုံးကြိမ် ဖြစ်ပွားခဲ့ရသည်။ တတိယစစ်ပွဲ အပြီးတွင် တစ်ပြည်ထောင်လုံး သူ့ကျွန်ဘဝကျရောက်ခဲ့ရပြီး လွတ်လပ်ရေး ဆုံးရှုံးခဲ့ရုံမျှမက မြန်မာ့တပ်မတော်ကြီးမှာလည်း ဖျက်သိမ်းခံခဲ့ရသည်။

၁၉၄၁ခုနှစ် ဇူလိုင်လတွင် မျိုးချစ်လူငယ်များဦးဆောင်သော ရဲဘော်သုံးကျိပ်သည် ဂျပန်ပြည် ဟိုင်နန်ကျွန်းတွင် စစ်သင်တန်းများ စတင်တက်ရောက်ခဲ့သဖြင့် မြန်မာ့တပ်မတော်၏ အခန်းကဏ္ဍသစ်သည် ထိုအချိန်ခါမှစ၍ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းတစ်လျှောက်တွင် တပ်မတော်သည် အမျိုးသားရေး ရှေ့ဆောင်ရှေ့ရွက် အင်အားစုကြီးအဖြစ် ရပ်တည်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးရရှိချိန်မှ ယနေ့လွတ်လပ်မှု ခိုင်မာတည်တံ့ရေး ကြိုးပမ်းနေရသည့် နှစ်ပေါင်း(၆၀)ကျော်မျှသော ကာလတွင် တပ်မတော်သည် စစ်ရေး၊ နိုင်ငံရေး မုန်တိုင်းအမျိုးမျိုး၏ တိုက်ခိုက်မှုဒဏ်ကို ရှေ့ဆုံးမှ ကာရံကာကွယ်ရင်း ရင့်မာကြီးပြင်းခဲ့ရသည်။

တပ်မတော်သည် နယ်ချဲ့ကို တွန်းလှန်၍ လွတ်လပ်ရေးကို ရယူပေးခဲ့သည်။ ဖက်ဆစ်အန္တရာယ်ကိုလည်း တော်လှန်တိုက်ဖျက်ခဲ့ရသည်။ ပြည်တွင်းသောင်းကျန်းမှု မုန်တိုင်းကြီးကိုလည်း ဖြိုခွဲဟန့်တားခဲ့ရသည်။ ပြည်ပကျူးကျော်မှုကိုလည်း ချေမှုန်းတိုက်ဖျက်ခဲ့ရသည်။ လူ့ဘောင်သစ်တစ်ခုကို မျှော်မှန်းထူထောင်ရာတွင်လည်း ကိုယ်ကျိုးစွန့် အနစ်နာခံကာ ပါဝင်ကြိုးပမ်းခဲ့ရသည်။ ယနေ့ အမျိုးသားရေး ဦးတည်ချက်များ အကောင်အထည်ဖော်ရာတွင်လည်း သမိုင်းပေးတာဝန်ကို မမိတ်မသုန် ထမ်းဆောင်လျက်ရှိသည်။

တပ်မတော်၏ အမျိုးသားရေး ဦးဆောင်ဦးရွက် အစဉ်အလာသည် မည်သည့်အဖွဲ့အစည်းနှင့်မျှ မနှိုင်းယှဉ်လောက်အောင် ကြီးကျယ်မြင့်မားခဲ့သည်။ တပ်မတော်သည် နိုင်ငံထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အစဉ်တစိုက် ဦးဆောင်ခဲ့သည့် အဓိကမောင်းနှင်အားကြီးပင် ဖြစ်သည်။ နိုင်ငံတော်၏ ဦးဆောင်အဖွဲ့အဖြစ် အစဉ်တစိုက် ရပ်တည်နိုင်ခဲ့သည်။ နိုင်ငံတော်၏ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးနိုင်သော အဖွဲ့အစည်းအဖြစ် ပြည်သူများက သတ်မှတ်အားကိုးထားကြသည့် အမျိုးသားရေး အဖွဲ့ကြီးပင်ဖြစ်သည်။ တပ်မတော်ကြီးစတင်ထူထောင်ခဲ့သည့် ရည်မှန်းချက်မှာ လွတ်လပ်ရေးရယူပေးရန်နှင့် လွတ်လပ်ရေး ခိုင်မာတည်တံ့စေရန်အတွက် အစဉ်တစိုက် ကာကွယ်စောင့်ရှောက်သွားရန်ဖြစ်ရာ တပ်မတော်သည် စတင်ထူထောင်စဉ်ကာလကပင် အမျိုးသားရေး အဖွဲ့အစည်းကြီးဖြစ်ခဲ့သည်။

စဉ်လာ မွန်မြတ် ဂန္ထဝင်တပ်မတော်

❒ ဒို့ဘေးဒို့ဘိုး၊ သခင်မျိုးတွေ
ဘဉ်ဆိုးညစ်လှ၊ ဗြိတိသျှကို
ရှိသမျှဓားလှံ၊ ပြည့်အားမာန်ဖြင့်
တွန်းလှန်မြင်းမိုရ်၊ ပြိုအောင်ဖြိုမည်
ပင်ကိုစိတ်ဓာတ်၊ မြန်မာ့သတ္တိ....။

❒ နယ်ချဲ့ခေတ်မှာ၊ စစ်ပညာကို
ခွဲခွာတိုင်းပြည်၊ ပြည်ပဆီမှာ
သင်လာပင်ပန်း၊ ကိုယ်စိတ်နွမ်းလည်း
ရွှင်လန်းမြဲနော်၊ လက်တွဲပျော်လို့
ရဲဘော်သုံးကျိပ်၊ တပ်ဦးထိပ်တည်
စိတ်ဓာတ်ညီကြောင်း၊ သတ္တိပေါင်းစပ်
လက်မောင်းသွေးဖောက်၊ အတူသောက်ကြ
ပေါ်ပေါက်ခဲ့ပေ၊ "ဘီအိုင်အေ" တည်း....။

❒ ထောင့်ကိုးရာလေးဆယ့်တစ်၊ ဖွားမြင်သစ်ခဲ့
ပြည်ချစ်ရင်သွေး၊ "လွတ်လပ်ရေးတပ်မတော်"
တိုင်းလုံးကျော်ခဲ့၊ အုတ်အော်သောင်းတင်း
မြစ်ချောင်းတွင်းနှင့်၊ ယာခင်းလယ်တော
လုပ်ခွင်ကျောခိုင်း၊ ချစ်သောသမီးသား
ဇနီးထားခဲ့၊ အင်အားအရပ်ရပ်
ပြည်သူ့တပ်တွင်၊ မားမတ်ခိုင်မာ
လူစုံပါခဲ့၊ များစွာတိုက်ပွဲ
သက်စွန့်နွဲ့ပြီး၊ အောင်ပွဲထွတ်မြတ်
လွတ်လပ်ရေးကြီးရခဲ့တကား....။

❒ လွတ်လပ်ရေးကြိုးပမ်းမှု၊ အစပြုလျက်
ပြည်သူ့တပ်မတော်၊ ထွန်းပြောင်ကျော်ခဲ့
ရည်မျှော်ချီတက်၊ ပြည်သူ့ဘက်မှာ
စဉ်ဆက်ရပ်တည်၊ လက်တွဲညီညာ
တိုင်းပြည်ချောက်ထဲ၊ ကျလုဆဲတိုင်း
အမြဲအသင့်ပင်၊ ဆွဲကယ်တင်ခဲ့
စဉ်လာကောင်းမြတ်၊ ပြည့်ချစ်တပ်မတော်....။

❒ ပြည်သူ့ရန်မီး၊ ငြိမ်းသတ်ပြီးသော်
စီးပွားလူမှု၊ တည်ဆောက်ပြုပြင်
ထုဆစ်ခမ်းနား၊ လမ်းတံတားတွေ
ဆည်များရေဖြန့်၊ ပြည့်အနှံ့ပင်
ခံ့ညားဂုဏ်ဟည်း၊ စက်ရုံကြီးတွေ
နည်းပညာကောင်း၊ တက္ကသိုလ်ပေါင်းစုံ
ကျောင်းကန်စေတီ၊ သာမောစည်နေ
ရွှေပြည်တော်သစ်၊ တည်ဆောက်ခေတ်မီ
မျိုးချစ်စိတ်ဓာတ်၊ ဂန္ထဝင်တပ်မတော်တည်း။ ။

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ပျဉ်းမနားမြင့်လှိုင်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ... တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်း... ပြီးမြောက် အောင်မြင်စေရေးအတွက် တိုင်းရင်းသ... များနှင့်အတူ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြ... ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ... သော တပ်မတော်သည် အသက်ပေး၍ ထိန်းသိမ်း... စောင့်ရှောက်သွားမည်သာ ဖြစ်သည်။

တပ်...

❍ ဘိဘင်ဘိုးဘေး၊ ဆင့်ကမ်းပေး...
ရဲသွေးရဲမာန်၊ ကောင်းမွေခံလျ...
ထက်သန်ခိုင်မြဲ၊ သတ္တိ၊ ဖွဲ့နှင့်...
ရဲဘော်သုံးကျိပ်၊ သမိုင်းရိပ်မှ
အောင်ဟိတ်'တပ်မတော်'ပေါ်ခဲ့...

❍ "လွတ်လပ်မှလေ၊ အမျှဝေ"ပ...
တွေဝေကင်းလျက်၊ ကိုယ်နှင့်...
နှင်းဆက်မင့်၊ စွန့်ရဲခဲ့၍
နယ်ချဲ့ကိုလှန်၊ အပြုတ်နှံကာ
ဂျပန်ကိုလည်း၊ အပြတ်နွဲလျက်...
အောင်ပွဲထပ်ဆင့်၊ လွတ်လပ်ခွ...
သွေးနှင့်ရင်းဆပ် ယူခဲ့တကား...

❍ လွတ်လပ်ပြီးခေတ်၊ နိုင်ငံသစ်...
အုတ်မြစ်ခိုင်မာ၊ ချသင့်ပါလည်...
အာဏာလွန်ဆွဲ၊ ပါတီစွဲနှင့်
ဝါဒအစွဲ၊ လူမျိုးစွဲနှင့်
ကွဲကြပြဲကြ၊ ဆူပူကြွသော်
ဆုံးမရှင်းဖယ်၊ ပြည်ကိုကယ်...
ကာကွယ်စောင့်ရှောက်ခဲ့သည်...

❍ နိုင်ငံချောက်ထဲ၊ ကျလုဆဲတိုင်...
လွှဲဖယ်မစောင်း၊ သမိုင်းကြော...
တောင်းဆိုချက်အား၊ အလေး...
ဆုံးပါးမခံ၊ မိနိုင်ငံကို
ပြန်လည်စုစည်း၊ ရှေ့ခရီးတွက်...
မည်သည်းတာဝန် ကျေခဲ့တကား...

(၆၅)နှစ်မြောက် တပ်...
ဂုဏ်ပြုကြိုဆိုလ...

ပြည်သူများကောင်းစားရေး၊ ပြည်သူ့အ... တစ်ရပ်လုံး၏ ကောင်းကျိုးချမ်းသာကို ရှေ... ဦးထိပ်ပန်ဆင်၍ အစဉ်တစိုက်ကြိုးပမ်းခဲ့သည့်... ကြီးမှာ တပ်မတော်ပင်ဖြစ်သည်။ တပ်မတော်... များမှာလည်း ထိုခေတ် ထိုအခါက လွ... အတက်ကြွဆုံး၊ အလေးနက်ဆုံး ပါဝင်ခဲ့ကြ... အထက်သန်ဆုံး၊ အတွေးအခေါ် အယူအဆ အ... ပုဂ္ဂိုလ်များဖြစ်ရာ မျိုးချစ်တပ်မတော်အဖြစ်... လာခဲ့ခြင်းပင်ဖြစ်သည်။

ယနေ့ မျက်မှောက်ကာလ တပ်မ... ပြုလျက်ရှိသည့် တပ်မတော် ခေါင်းဆောင်... တာဝန်ကို လက်ဆင့်ကမ်း သယ်ဆောင်... တပ်မတော်သားများပင် ဖြစ်သည်။ သမို... ကောင်းသော တပ်မတော်၏ ခေါင်းဆောင်... တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထုထည်... ကြိုးပမ်းခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်... များစွာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့... ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး... ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး ကျေးလက်... (၅)ရပ်ကိုလည်း ချမှတ်ကာ အကြားအလပ်...

တပ်မတော်၏ မြတ်မော်ကွန်း

- ဘီဘင်ဘိုးဘေး၊ ဆင့်ကမ်းပေးသည့်
  ရဲသွေးရဲမာန်၊ ကောင်းမွေခံလျက်
  ထက်သန်ခိုင်မြဲ၊ သတ္တိ, ဖွဲ့နှင့်
  ရဲဘော်သုံးကျိပ်၊ သမိုင်းရိပ်မှ
  အောင်ဟိတ်'တပ်မတော်'ပေါ်ခဲ့တကား။
- ''လွတ်လပ်မှလေ၊ အမျှဝေ''ဟု
  တွေဝေကင်းလျက်၊ ကိုယ်နှင့်သက်ကို
  နှင်းဆက်မငဲ့၊ စွန့်ရဲခဲ့၍
  နယ်ချဲ့ကိုလှန်၊ အပြုတ်နှံကာ
  ဂျပန်ကိုလည်း၊ အပြတ်နွှဲလျက်
  အောင်ပွဲထပ်ဆင့်၊ လွတ်လပ်ခွင့်ကို
  သွေးနှင့်ရင်းဆပ် ယူခဲ့တကား။
- လွတ်လပ်ပြီးခေတ်၊ နိုင်ငံသစ်ကို
  အုတ်မြစ်ခိုင်မာ၊ ချသင့်ပါလည်း
  အာဏာလွန်ဆွဲ၊ ပါတီစွဲနှင့်
  ဝါဒအစွဲ၊ လူမျိုးစွဲနှင့်
  ကွဲကြပြဲကြ၊ ဆူပူကြွသော်
  ဆုံးမရှင်းဖယ်၊ ပြည်ကိုကယ်လျက်
  ကာကွယ်စောင့်ရှောက်ခဲ့သည် တကား။
- နိုင်ငံချောက်ထဲ၊ ကျလုဆဲတိုင်း
  လွှဲဖယ်မစောင်း၊ သမိုင်းကြောင်း၏
  တောင်းဆိုချက်အား၊ အလေးထားလျက်
  ဆုံးပါးမခံ၊ မိနိုင်ငံကို
  ပြန်လည်စုစည်း၊ ရှေ့ခရီးတွက်
  မညည်းတာဝန် ကျေခဲ့တကား။
- ခိုင်မတ်အာဏာ၊ ချုပ်အခြာနှင့်
  ဒို့ရွာဒို့တိုင်း၊ ဒို့သမိုင်းကို
  မရိုင်းစေရေး၊ သွေးဖြင့်ရေးခဲ့
  လေးမြတ်ကြည်ညို၊ ပြည်သူကိုလည်း
  အလိုပြည့်အောင်၊ အကျိုးဆောင်၍
  တောင်ပေါ်မြေပြန့်၊ တိုင်းအနှံ့လျှင်
  သင်းပျံ့ကြိုင်လျှမ်း၊ ပန်းစုံလန်းအောင်
  လမ်းသစ်ကိုဖောက်၊ ကျီသစ်ဆောက်လျက်
  မှတ်ကျောက်ထပ်ထပ် တင်ခဲ့တကား။
- ခေတ်စဉ်ဆက်တိုင်း၊ ပြည့်သမိုင်းနှင့်
  မဆိုင်းထပ်တူ၊ တံခွန်ထူကာ
  ပြည်သူ့ရှင်လန်း၊ ပြည်ငြိမ်းချမ်းအောင်
  ကြိုးပမ်းဖေးကူ၊ စောင့်ရှောက်မှုလျက်
  ဘယ်သူခွဲခွဲ၊ ဒို့မကွဲတည့်
  ဖြိုလည်းမပြို၊ ဒို့မအိုပေ
  နုပျိုတက်ကြွ လျက်ပေတကား။
- အမျိုးသားရေး၊ ဦးစားပေးရင်း
  ဘေးကင်းရန်အောင်၊ လမ်းပြဆောင်မည့်
  ညီနောင်သုံးဖော်၊ တပ်မတော်လျှင်
  ကျော်သည့်ဂုဏ်ဒြပ်၊ မြတ်သည့်စဉ်လာ
  သာသည့်စွမ်းရည်၊ အရင်းတည်လျက်
  လှမ်းချီတစ်ခေတ်၊ ရွှေပြည်သစ်ကို
  ထုဆစ်ပုံသွန်း၊ မြတ်မော်ကွန်းဖြင့်
  ညွှန်းပြသက်သေ တင်နေတကား။
  ပြည်သူရပ်ရွာ အကျိုးစီးပွား။
  ရည်စူးဆောင်နှင်း အောင်စေသား။
  သစ္စာ, သူရ အလှပင်တကား။ ။

ဇော်မင်းမင်းဦး

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလျက်-

ပြည်သူများကောင်းစားရေး၊ ပြည်သူ့အကျိုးသယ်ပိုးရေး၊ ပြည်သူ တစ်ရပ်လုံး၏ ကောင်းကျိုးချမ်းသာကို ရှေးရှုလုပ်ဆောင်ရေးတို့ကို ဦးထိပ်ပန်ဆင်၍ အစဉ်တစိုက်ကြိုးပမ်းခဲ့သည့် အမျိုးသားရေးအင်အားစု ကြီးမှာ တပ်မတော်ပင်ဖြစ်သည်။ တပ်မတော်ကို စတင်ထူထောင်ကြသူ များမှာလည်း ထိုခေတ် ထိုအခါက လွတ်လပ်ရေးလှုပ်ရှားမှုတွင် အတက်ကြွဆုံး၊ အလေးနက်ဆုံး ပါဝင်ခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ် အထက်သန်ဆုံး၊ အတွေးအခေါ် အယူအဆ အရဲရင့်ဆုံး၊ အပြတ်သားဆုံး ပုဂ္ဂိုလ်များဖြစ်ရာ မျိုးချစ်တပ်မတော်အဖြစ် သန္ဓေတည် ပေါက်ဖွား လာခဲ့ခြင်းပင်ဖြစ်သည်။

ယနေ့ မျက်မှောက်ကာလ တပ်မတော်ကို ဦးဆောင်ဦးရွက် ပြုလျက်ရှိသည့် တပ်မတော် ခေါင်းဆောင်များမှာလည်း သမိုင်းပေး တာဝန်ကို လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့ကြသည့် မျိုးချစ် တပ်မတော်သားများပင် ဖြစ်သည်။ သမိုင်းကြောင်း အစဉ်အလာ ကောင်းသော တပ်မတော်၏ ခေါင်းဆောင်ကောင်းများပင်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထုထည်ကြီးမားစွာ ရပ်တည်နိုင်ရန် ကြိုးပမ်းခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့နှင့် အဖွဲ့ငယ် များစွာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး(၂၄)ခု စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ခဲ့ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကိုလည်း ချမှတ်ကာ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် နေ့မအား ညမနား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ယခုအခါ နယ်စပ်ဒေသများအပါအဝင် တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းလျက်ရှိပြီး နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ကို မျက်ဝါးထင်ထင် တွေ့မြင်ကြရပြီ ဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများကိုလည်း တစ်နိုင်ငံလုံးတွင် လက်ညှိုးထိုးမလွဲ တွေ့မြင် နိုင်ကြပြီ ဖြစ်သည်။

နိုင်ငံတော်၏ လူမှုစီးပွားဘဝအတွက် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံများကို ယနေ့ တပ်မတော်အစိုးရက ဦးဆောင်၍ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ပူးပေါင်းမှုစွမ်းအားဖြင့် အကောင်အထည်ဖော် တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

(၆၅)နှစ်မြောက် တပ်မတော်နေ့

ဦးတည်ချက်

၁။ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူပြီး အသက်ပေး၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေး။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၃။ ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို ပြည်သူ့ စွမ်းအား၊ စည်းလုံးမှုစွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ် တိုက်ဖျက်ရေး။

၄။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အား တောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ် တပ်မတော် တည်ဆောက်ရေး။

ယခုအခါ တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အတည်ပြုခဲ့ပြီးဖြစ်သည်။ ယခု ၂၀၁၀ခုနှစ်တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရွေးကောက်ပွဲများ ကျင်းပကာ မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ရာ ယခုအခါ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေများ၊ နည်းဥပဒေများ ထုတ်ပြန် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်စေရေးအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲ ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်သကဲ့သို့ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ခံယူထား ရှိသော တပ်မတော်သည် အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်သာ ဖြစ်သည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများကို တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲချေမှုန်းသွားရန်လိုအပ်သကဲ့သို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးကိုလည်း မမှိတ်မသုန်ရှေးရှု၍ မဖြစ်မနေ အကောင်အထည်ဖော်သွားရန် အရေးကြီးလှပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

သမိုင်းကိုသက်သေတည် ကာတွန်း-ရဲထက်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ...တ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် ...ရေးအတွက် တိုင်းရင်းသားပြည်သူ ...မ်း ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ...အမျိုးသားရေးမူဝါဒအဖြစ် ခံယူထားရှိ ...အသက်ပေး၍ ထိန်းသိမ်းကာကွယ် ...ဖြစ်သည်။

မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂)နှင့် စစ်ကိုင်းတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၃) လမ်းပိုင်းအလိုက်ဖွင့်

ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာ အသုံးပြုနိုင်တော့မည်

နေပြည်တော် မတ် ၂၂

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက ကြီးကြပ်ပြီး မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ပြီးစီးသွားသည့် မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂) နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာလမ်းဆုံမှ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ရွာအထိ ကတ္တရာလမ်း ၁၁၃မိုင် ၇ဖာလုံ လမ်းပိုင်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ရက် နံနက် ၇နာရီက နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာလမ်းဆုံ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမှာစကားပြောကြားသည်။

ခရိုင်ချင်းဆက်လမ်း

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ယနေ့ဖွင့်လှစ်သော ခရိုင်ချင်းဆက်လမ်း အမှတ်(၂)သည် မန္တလေးတိုင်း မန္တလေးမြို့မှ မွန်ပြည်နယ် မုတ္တမအထိ လမ်းအရှည် ၄၆၂ မိုင်ရှိကြောင်း။

ခရိုင်ချင်းဆက်လမ်း အမှတ်(၂)မှ မန္တလေးတိုင်းအပိုင်းကို ၂၀၀၃-၂၀၀၄ ခုနှစ်မှစတင်၍လည်းကောင်း၊ ပဲခူးတိုင်းလမ်းအပိုင်းကို ၂၀၀၄-၂၀၀၅ ခုနှစ်မှ စတင်၍ လည်းကောင်း မြေသားလမ်းများ စတင်ဖောက်လုပ်ခဲ့ပြီး ယနေ့အထိစုစုပေါင်း ကတ္တရာလမ်း ၁၄၇မိုင်၊ ကျောက်ချောလမ်း ၇၀မိုင် ၃ဖာလုံ ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

ခရိုင်ချင်းဆက်လမ်း အမှတ်(၂) မွန်ပြည်နယ်အပိုင်းတွင်လည်း ၂၀၀၉-၂၀၁၀ခုနှစ်တွင် မူလကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ် ၃၆ မိုင်ကို တာဝန်ယူဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် စည်ပင်သာယာရေးဦးစီးဌာနက မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးအတွက် မြို့ပြနှင့်ကျေးလက်လမ်း၊ တံတားလုပ်ငန်းများကို နှစ်(၃၀) နှစ်ရှည်စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၈၈ ခုနှစ်မတိုင်မီက မြို့ပြလမ်း မိုင် ၁၀၆၃ ၁ဖာလုံ၊ ကျေးလက်လမ်း ၄၈၇၃မိုင်၁ဖာလုံ၊ မြို့ပြနှင့်ကျေးလက်လမ်းသည် လမ်းမိုင် ၅၉၃၆ မိုင် ၂ဖာလုံသာရှိခဲ့ရာမှ ၂၀၁၀ခုနှစ် ဖေဖော်ဝါရီလကုန်တွင် မြို့ပြလမ်း ၆၆၀၈ မိုင်၃ဖာလုံ၊ ကျေးလက်လမ်း ၃၄၇၉၀မိုင် ၆ဖာလုံ၊ မြို့ပြနှင့်ကျေးလက် လမ်းစုစုပေါင်း ၄၁၃၉၉ မိုင် ၁ ဖာလုံ ရှိလာသည့်အတွက် မြို့ပြလမ်း ၅၅၄၅မိုင် ၂ဖာလုံ၊ ကျေးလက်လမ်း ၂၉၉၁၇ မိုင် ၅ ဖာလုံ စုစုပေါင်း ၃၅၄၆၂ မိုင် ၇ ဖာလုံ တိုးတက်ဆောင်ရွက်နိုင်ခဲ့ကြောင်းဖြင့် ပြောကြားသည်။

ဖဲကြိုးဖြတ်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးက ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ကင်းသာ-ဖျောက်ဆိပ်ပင် ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် ဧည့်သည်များသည် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ကတ္တရာလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှု၍ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) မန္တလေးတိုင်းအတွင်း ပါဝင်သော ၁၃၁ မိုင် ၆ဖာလုံအနက်မှ နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာလမ်းခွဲ ၁၄၉မိုင် ၂ဖာလုံမှ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ ၃၅မိုင် ၃ဖာလုံအထိ စုစုပေါင်း ကတ္တရာလမ်း ၁၁၃မိုင် ၇ဖာလုံကို စည်ပင်သာယာရေးဦးစီးဌာန မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ (၇) မှ အင်ဂျင်နီယာစုဖွဲ့မှု ၂၂ ဖွဲ့ဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဖောက်လုပ်ပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကို ယခုကဲ့သို့ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည့်အတွက် မန္တလေးတိုင်းအတွင်းရှိ ပုသိမ်ကြီး၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မြစ်သား၊ ဝမ်းတွင်း၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်းနှင့် နေပြည်တော် တပ်ကုန်း၊ နေပြည်တော် ပျဉ်းမနား၊ နေပြည်တော်လယ်ဝေး ၁၁ မြို့နယ်အတွင်း ကျေးရွာ ၆၃ ရွာကို ဖြတ်သန်းပြီး ပတ်ဝန်းကျင် ကျေးရွာ ၁၂၆ ရွာ အိမ်ခြေ ၂၂၁၅၀ မှ ကျေးလက်နေ ပြည်သူများကို အကျိုးပြုသော လမ်းဖြစ်ကြောင်း သိရှိရသည်။

စက်ခလုတ်နှိပ်ဖွင့်

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့်အဖွဲ့သည် ရေဦး၊ ရွှေမြင်တင်၊ ထနောင်းကုန်း၊ ကွင်းရွာ၊ မိုင်းမော၊ တေစိုး၊ ရခိုင်ကြီး၊ လွန်ကျော်နှင့် သံရွာတို့ကို ဖြတ်သန်းဖောက်လုပ်ထားသော ခရိုင်ချင်းဆက်လမ်း အမှတ်(၂)အတိုင်း ထွက်ခွာ၍ ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာရှိ လမ်းဖွင့်ပွဲ မုခ်ဦးသို့ ရောက်ရှိပြီး မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဖျောက်ဆိပ်ပင်-ကင်းသာကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဝန်ကြီးနှင့်ဧည့်သည်များသည် ခရိုင်ချင်းဆက်လမ်းအမှတ်(၂) ကတ္တရာလမ်းသစ် တစ်လျှောက်ကို ဖြတ်သန်းကြည့်ရှုကြပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အကောင်အထည်ဖော်

အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ်(၂)သည် ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာ ၃၅မိုင်တိုင်မှ နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာလမ်းခွဲ ၁၄၉ မိုင်တိုင်အထိ စုစုပေါင်း ၁၁၃မိုင် ၇ဖာလုံရှိပြီး မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အလားတူ (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက ကြီးကြပ်ပြီး စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့က ဖောက်လုပ်ပြီးစီးခဲ့သည့် စစ်ကိုင်းတိုင်း ခရိုင်ချင်းဆက်လမ်းအမှတ်(၃) ကျောက်ချောလမ်း ၃၅မိုင် ၃ဖာလုံ လမ်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၁ရက် နံနက် ၇နာရီက စစ်ကိုင်းမြို့ရှိ လမ်းဖွင့်ပွဲမုခ်ဦးရှေ့၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေတို့ တက်ရောက်အားပေးကြပြီး ခရိုင်ချင်းဆက်လမ်း အမှတ်(၃)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်ဧည့်သည်များသည် ခရိုင်ချင်းဆက်လမ်းအမှတ်(၃) ကျောက်ချောလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ခရိုင်ချင်းဆက်လမ်းအမှတ် (၃)သည် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့မှ ကချင်ပြည်နယ် မြစ်ကြီးနားအထိ စုစုပေါင်းလမ်းအရှည် ၃၃၉မိုင် ၇ဖာလုံရှိပြီး စစ်ကိုင်းတိုင်းအတွင်း ၂၂၀မိုင် ၆ဖာလုံ၊ ကချင်ပြည်နယ်အတွင်း ၁၀၂မိုင် ၆ ဖာလုံကို တာဝန်ယူဖောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်း ၇၀မိုင် ၃ဖာလုံကို အဆင့်မြှင့်တင်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် လမ်းအပိုင်းသည် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားအနီးမှ ဝက်လက်မြို့နယ် ရှိမ္ဗကားရွာကိုဖြတ်ပြီး ဆည်ရွာအထိ စုစုပေါင်း ၃၅မိုင် ၃ဖာလုံကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက အင်ဂျင်နီယာခုနစ်ဖွဲ့ဖြင့် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ ဖောက်လုပ်ပေးနိုင်ခဲ့သည့်အတွက် စစ်ကိုင်းမြို့နယ်အတွင်းရှိ စကျင်၊ တောင်ရင်း၊ ဆည်လေးတော ကျေးရွာများ အပါအဝင် ကျေးရွာ ၄၇ရွာနှင့် ဝက်လက်မြို့နယ်အတွင်းရှိ တပ်ရွာ၊ တမာကန်၊ ရှိမ္ဗကား၊ ဆည်တောစသည့် ကျေးရွာများ အပါအဝင် ကျေးရွာ ၅၀ တို့မှ ပြည်သူများ ရာသီမရွေး သွားလာအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးမြင့်ဦးတို့ မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ကင်းသာ-ဖျောက်ဆိပ်ပင် လမ်းပိုင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ယခုအပတ်ထုတ် မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချီ

ရန်ကုန် မတ် ၂၂

ယခုနှစ်သင်္ကြန်မဏ္ဍပ်များတွင် အရက်ကြော်ငြာနှင့် ဆေးလိပ်ကြော်ငြာများ ခွင့်မပြု သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်အတွဲ(၂)၊ အမှတ်စဉ် (၂၁)ကို ယနေ့ ဖြန့်ချိလိုက်သည်။

ထုတ်ဝေဖြန့်ချိ

မြန်မာသင်္ဘောသား ၂၁ဦးပါဝင်သော ပြန်ပေးဆွဲခံရသည့် UBT Ocean သင်္ဘောပြန်လည်လွတ်မြောက်ရေး ဆွေးနွေးနေဆဲ၊ အန္တရာယ်ရှိအဆောက်အအုံများဟု သတ်မှတ်ထားသောတိုက်များတွင် နေထိုင်သူများ သုံးရက်အတွင်း ပြောင်းရွှေ့ဖယ်ရှားရမည်၊ ကမ္ဘာပေါ်တွင် အကြီးဆုံး လိုဏ်ဂူ ရွှေတိဂုံစေတီတော်ပုံတူ ကမ္ဘာ့ဝိပဿနာစေတီတော်ကြီးတွင် ၁၀ ရက် တရားပတ်တရားတော်များကိုလည်း ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများတွင် ဘာသာစကား ၅၀ဖြင့်ဖွင့်လှစ်လျက်ရှိ၊ ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်လောင်းတစ်ဦးသည် ရွေးကောက်ပွဲအသုံးစရိတ် သိန်း ၁၀၀ အထိသုံးစွဲနိုင်၊ မဲဆန္ဒနယ်(၃)နယ်တွင် မိမိပါတီကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှုမပြုနိုင်လျှင် ပါတီမှတ်ပုံတင်ခွင့်ပယ်ဖျက်မည်၊ ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး ဆင်းတုတော်ကြီးကို မြန်မာနိုင်ငံမှ အိန္ဒိယသို့လှူဒါန်း၊ မလေးရှားနှင့် ထိုင်း ဗီဇာမရသူများ လေယာဉ်လက်မှတ်ခပြန်လည်ထုတ်ယူရာတွင် အချိန်သုံးလမှ ခြောက်လခန့်စောင့်ရသည့်အပြင် ဒေါ်လာ ၆၀မှ ၉၀ အထိ အဆုံးရှုံးခံရ၊ လူမနေဘဲ အငှားချထားသည့် HDB အိမ်ခန်းများကို စင်ကာပူတွင် ပြန်သိမ်းပြီ၊ ဝန်ထမ်း ၁၀ယောက် အထက်နှင့် မှတ်ပုံတင်ခြင်းမပြုဘဲလည်ပတ်နေသော ပုဂ္ဂလိက စက်ရုံများကို စစ်ဆေးတွေ့ရှိပါက အရေးယူမည်၊ ပဲနှင့်နှမ်းအထူးပြုကုမ္ပဏီများမှ ဒေသခံတောင်သူများကို ချေးငွေများ ထုတ်ပေးလျက်ရှိ၊ မြန်မာနိုင်ငံတွင် ကြက်ဥမှ မွေ့ဆိပ်ဖြေဆေးအောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့၊ ခေတ်နှင့်လျော်ညီမှုမရှိသော ရေယာဉ်ခြောက်စင်းတို့မှ ပြေးဆွဲခွင့်ပိတ်ပင်၊ မြေနီကုန်းမြောက်ရပ်ကွက်တွင် ငါးလွှာတိုက်ပေါ်မှလူတစ်ဦး ပြုတ်ကျသေဆုံး၊ အိုဘားမား၏ ဒုတိယနှစ်သက်တမ်းမိန့်ခွန်း၌ အီရန်ကိုတိုက်ခိုက်ရန် အဆင်သင့်ဖြစ်ပြီဖြစ်ကြောင်း ခြိမ်းခြောက်၊ အာဖဂန်နစ္စတန်တွင် အမေရိကန်စစ်တပ်က ပုဂ္ဂလိကသူလျှိုများနှင့် လုပ်ကြံသတ်ဖြတ်သူများအား မွေးထုတ်ပေးခဲ့သည်ဟုဆို၊ အီရန်ကို ဗုံးကြဲမလား အဏုမြူဗုံး ထုတ်ခွင့်ပေးမလား၊ မြောက်ကိုရီးယား၏ ဆင်ဖမ်းမည် ကျားဖမ်းမည်ဆိုသည့်ကြားမှ အမေရိကန်နှင့် တောင်ကိုရီးယားတို့ စစ်ရေးလေ့ကျင့်မှုပြီးဆုံး စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိ လိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေလျက်ရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**မြတ်သစ္စာတရားအားထား အပယ်မလား** တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၈)
၈:၃၀	Sports World (Us Figure Skating)(Part-1)
၈:၅၅	ဘိသိက်ပြိုင်နှင့်စပ်လျဉ်း၍ (အပိုင်း-၁)
၉:၁၀	Activities in the City [United Pacific Co., Ltd. ၏ မျှော်စင်ကျွန်းဖျော်ဖြေပွဲ]
၉:၃၀	Cartoon Show Time (The Princess and the Frog)
၁၀:၁၀	စာအုပ်စာပေလူ့မိတ်ဆွေ (ပညာတတ်ကြီးဖြစ်မှာလားနှင့် ဗေဒင်ပညာ)
၁၀:၃၀	ဆီအုန်း စိုက်ပျိုးထုတ်လုပ်ခြင်း
၁၀:၃၅	အိုက်ကီဒိုနှင့် သမီးပျို
၁၁:၀၀	ဂီတစာဆိုဆရာမျိုးမြင့်ဆွေ၏ တေးသီချင်းကဏ္ဍ (အပိုင်း-၁)
၁၁:၃၀	ရန်ကုန်မြင်ကွင်းကျယ် (၁၉၆၅ခုနှစ်နောက်ပိုင်းစင်ထရယ် အထက(၁)လသာကျောင်းသားဟောင်းများ၏ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ)
၁၂:၀၀	**တစ်ပြည်ဝင်အိုး** အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ အကယ်ဒမီနွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]
၁၂:၃၀	**Orchard Families** (အပိုင်း-၂)
၁:၀၀	**မြတ်သစ္စာတရားအားထား အပယ်မလား** တရားတော်(ပြည်တွင်းပြည်ပ သာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	Fashion Music Festival (We Love You Michael-1)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၈)
၄:၁၀	Activities in the City မြောက်ဥက္ကလာပ အလက(၁)၏ ရွှေရတုအာစရိယပူဇော်ပွဲ United Pacific Co., Ltd. ၏ မျှော်စင်ကျွန်းဖျော်ဖြေပွဲ
၄:၃၅	သထုံမြေအတွင်း ဘုဏ်အလင်းပြန့်စေမည့် လင်းရောင်နီဦးစာပေရိပ်ငြိမ်
၄:၄၅	စာအုပ်စာပေလူ့မိတ်ဆွေ (ပညာတတ်ကြီးဖြစ်မှာလားနှင့် ဗေဒင်ပညာ)
၅:၀၅	ဘိသိက်ပြိုင်နှင့်စပ်လျဉ်း၍ (အပိုင်း-၁)
၅:၂၅	Celebrity Style (ဖူးစုံ)
၆:၀၀	MRTV-4 သတင်း
၆:၂၀	World of Knowledge (World Greenest Home)
၆:၄၅	သင်ကြားရေးလမ်းညွှန် (New Fashion Design)
၇:၀၅	Fashion Music Festival (We Love You Michael-1)
၇:၄၅	စိမ်းသည့်မြေ
၈:၀၀	MRTV-4 သတင်း
၈:၃၀	Cartoon Show Time (The Princess and The Frog)
၉:၁၀	Celebrity Style (ဖူးစုံ)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၅၈)
၁၀:၀၀	Sunday Talk
၁၀:၅၀	အိုက်ကီဒိုနှင့်သမီးပျို
၁၁:၀၅	သင်ကြားရေးလမ်းညွှန် (New Fashion Design)
၁၁:၂၅	ရာသီဥတုပြောင်းလဲမှု ကျန်းမာရေးကို သတိပြု (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ်)
၁၁:၅၅	ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁၂:၀၅	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၁၂:၁၅	ထန်းပင်မှဖြစ်သည့်အနုပညာ (ထန်းပန်းချီ)
၁၂:၂၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်းများ
၂:၂၄	West Ham-Wolverhampton	ESPN (Live) MRTV-4(Live)

အမှာစကားပြောကြား

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးသိန်းစိုး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင် အုပ်ချုပ်ရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် လျာထားသတ်မှတ်ရေးနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်နယ်၊ တိုင်းနှင့်ခရိုင်အုပ်ချုပ်ရေးမှူးများ အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်၊ တိုင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် လျာထားသတ်မှတ်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်နယ်၊ တိုင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်၊ တိုင်းနှင့် ခရိုင်အုပ်ချုပ်ရေးမှူးများက ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် လျာထားစာရင်းများနှင့် လုပ်ငန်းဆိုင်ရာများကို အသီးသီးဆွေးနွေးတင်ပြကြပြီး ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် ဦးညွန့်တင်တို့က ထုတ်ပြန်ပြီးဖြစ်သည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို အကျဉ်းချုံး၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဇလွန်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၂၂

ဇလွန်မြို့နယ်အသင်း(ရန်ကုန်)၏ (၄၆)ကြိမ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၁ ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းခန်းမရုံး၌ ကျင်းပရာ ဒုတိယဥက္ကဋ္ဌ ဦးသိန်းက အမှာစကားပြောကြားသည်။

ပူဇော်ကန်တော့

ဆက်လက်၍ စာရင်းစစ် ဒေါ်ရင်မာညိုက ၂၀၀၈ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးမှတ်တမ်း၊ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို တင်ပြကြပြီး အသင်းဝင်သက်ကြီး အဘိုးအဘွား ၈၀တို့အား စုပေါင်းပူဇော်ကန်တော့ကြသည်။

ထို့နောက် နာယကနှင့် ဒုတိယဥက္ကဋ္ဌများက ၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်အပါအဝင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အသင်းဝင်များ၏ သားသမီးလေးဦးနှင့် အပြည်ပြည်ဆိုင်ရာ စာရင်းအင်းပညာ အဆင့်-၃ စာမေးပွဲကို ပထမထူးချွန်ရွှေတံဆိပ်ဆုရသူ တစ်ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ ယင်းနောက် ဥက္ကဋ္ဌ ဦးလှမြင့်(ကေသီပန်)၊ အတွင်းရေးမှူး ဦးအေးကျော်နှင့် ဘဏ္ဍာရေးမှူး ဦးကံထွန်းတို့ ဦးဆောင်သည့် အဖွဲ့ဝင် ၂၇ ဦးပါဝင်သော ၂၀၁၀ ခုနှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ကြသည်။ **(၁၃၅)**

ကလေးအညစ်အကြေးခံပစ္စည်းသစ် မိတ်ဆက်

ရန်ကုန် မတ် ၂၂

Myanmar Care Products Ltd. သည် ၁၉၉၈ခုနှစ်မှစတင်ပြီး ယနေ့အထိ Eva အမှတ်တံဆိပ် အမျိုးသမီးသန့်ရှင်းမှုသုံး ပစ္စည်းများကို ထုတ်လုပ်လျက်ရှိရာ ယခုအခါ My BABY အမှတ်တံဆိပ် ကလေးအညစ်အကြေးခံပစ္စည်းကို ထပ်မံထုတ်လုပ်ပြီး DKSH Services Co., Ltd. က ဖြန့်ဖြူးရောင်းချလျက်ရှိသည်။

ထို My BABY ပစ္စည်းသစ် မိတ်ဆက်ပွဲကို မတ် ၁၄ရက်က ရန်ကုန်မြို့ Park Royal ဟိုတယ်၌ကျင်းပရာ Myanmar Care Products Ltd. မှ Chairman Mr. Bernard Forey က အဖွင့်အမှာစကားပြောကြားပြီး MD. Mr.Roland Pinol က ထုတ်လုပ်မှုအပိုင်းကို ရှင်းလင်းပြောကြားသည်။

အထူးသင့်လျော်

ပစ္စည်းအရည်အသွေးနှင့် ပတ်သက်၍ DKSH မှ Marketing Executive မတင်မျိုးဆက်က ရှင်းလင်းတင်ပြသည်။ My BABY သည် ပြင်သစ်နိုင်ငံ အေတီအက်(စ်) ဓာတ်ခွဲခန်းတွင် အရည်အသွေးစစ်ဆေးထားပြီး သုံးစွဲသူများအတွက် ဈေးနှုန်းအထူးသင့်တော်သောကြောင့် ကလေးငယ်များနှင့် မိခင်များအတွက် အထူးသင့်လျော်သည်။

Myanmar Care Products Ltd. မှ တက်ရောက်လာသော ဧည့်သည်တော်များနှင့် DKSH မှ GM. Mr.Preman တို့အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

နိုင်ငံ့ဂုဏ်ရည်စာပေတိုက်မှ စာအုပ်များ ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၂၂

ဒေါက်တာဦးဖေညာဏ်၏ မြတ်နိုးဖွယ်ရာ ပြည်မြန်မာဆောင်းပါးပေါင်းချုပ်

မြန်မာရာဇဝင်နှင့် ရှေးဟောင်းမှတ်တမ်းများကို အချိန်ယူလေ့လာပြီး ကွင်းဆင်းလေ့လာခဲ့သော သုတေသနရလဒ်များကို ဆောင်းပါးများအဖြစ် စုစည်းထုတ်ဝေလိုက်သော ဤစာအုပ်တွင် စစ်သည်တော် ခုနစ်သန်းခြောက်သိန်းရှိသည့် ပုဂံခေတ်မြန်မာ့တပ်မတော်၊ ဗောရောဗုဓ္ဓဘုရားကြီးနှင့် ဒါယကာတော် အလောင်းစည်သူမင်း၊ ကချင်ပြည်နယ်မှ တပ်လန်ပြေးခဲ့ရသော ပြည်ပကျူးကျော်သူများ၊ တကောင်း၊ ထားဝယ်၊ မြောင်းမြဒေသတို့တွင် လက်ရာတူ ခေတ်တူ အုတ်ခွက်ဘုရားများအကြောင်း အစရှိသည်ဖြင့် မြန်မာနိုင်ငံတော်ကြီးနှင့်ပတ်သက်၍ အံ့ဩဖွယ်၊ ဂုဏ်ယူဖွယ်၊ ဝမ်းမြောက်ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များ ပါဝင်သည်။ ဂူဖရီစက္ကူဖြူချော၊ စာဖောင် ၃၀ ကျော်၊ အရောင်အသွေးစုံ မြန်မာ့ရှုခင်း မြင်ကွင်းအလှဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ခံ့ခံ့ညားညား ထုတ်ဝေထားသည်။ (ရောင်းဈေး ကျပ် ၄၅၀၀)

ဆင်ဖြူကျွန်းအောင်သိန်း၏ မြန်မာ့ရိုးရာ ကျေးလက်မြန်မာမှုဓလေ့များ (၁) (၂)

မြန်မာတို့၏ လူနေမှုဘဝနှင့် မြန်မာ့ယဉ်ကျေးမှုအနှစ်သာရများကို ဖော်ကျူးဖွဲ့ဆိုလေ့ရှိသည့် စာရေးဆရာဆင်ဖြူကျွန်းအောင်သိန်း၏ ဤစာအုပ်အတွဲ ၁/၂ တွင် ရက်ချုပ်၊ မြန်မာကလပ်ဂျင်၊ ဦးချသောဓလေ့၊ ဆေးအစ်တည်ခြင်း၊ ခေါ်စာပစ်၊ ရေချမ်းစင်ဓလေ့၊ ဗလီကစားခြင်း၊ တုံးလုံးပွဲ၊ လက်ဖက်ထုပ်နှင့် ဖိတ်ကြားခြင်း၊ တစ်လင်တစ်မယားစနစ်၊ အယူအစွဲနှင့် ဆေးမြီးတိုဓလေ့၊ ဦးစွန်းဖုတ်နှင့် ဆံတောက်၊ အိမ်ဆောက်သည့်သစ်၊ အိမ်စည်းကမ်းစသည့် ဘိုးဘေးဘီဘင်မြန်မာကြီးများ၏ ရိုးရာအမွေအနှစ်များကို နှောင်းလူများ ထိန်းသိမ်းရန်၊ တန်ဖိုးထားရန် စာရေးသူ၏ အပတ်တကုတ်ကြိုးပမ်း ပြုစုထားသည်ကို လေ့လာဖတ်ရှုရမည်ဖြစ်သည်။ (တန်ဖိုး ကျပ် ၁၀၀၀ စီ)

တင်မြင့်၏ ဗန့်ကျီကိုလှမ်းပါလို့ ပခန်းကိုဝင်ခဲ့တယ်

ခရီးသွားဆောင်းပါးများဖြစ်သည့်အလျောက် ဗန့်ကျီဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အတူ ဗန့်ကျီနယ်သား ကင်းဝန်မင်းကြီး၊ စောလူးမင်းတည်ခဲ့သည့် တစ်ဆူလုံးကြေးပြားသင်္ကန်း ကပ်လှူထားသည့် ရွှေစောလူးဘုရား၊ သေက္ခတောင်ဆရာတော်ဦးတိလောက၏ထေရုပ္ပတ္တိ၊ နွားဒုန်းပြိုင်ပွဲများ၊ ဗန့်ကျီလှည်း၊ ရှင်မတောင်သနပ်ခါးစိုက်ခင်းများ၊ လှပသည့်ကျေးသတ္တဝါ နှင့် နာမည်ကျော်ခဲ့လူကျောင်းစသည့် ဖတ်ဖွယ်မှတ်ရာ စုံလင်စွာပါဝင်သည်။ (တန်ဖိုး ကျပ် ၁၂၀၀)

ရွှေကြော့တင်(မြင်းမူ)၏ မြတ်တော်ဝင်ပန်း ဘာသာရေးယဉ်ကျေးမှုဆောင်းပါးများ

ဗုဒ္ဓဘာသာဝင်များ ဗဟုသုတအဖြစ် သိသင့်သိထိုက်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများကို စုစည်းရွေးချယ်ထားခြင်းဖြစ်သည်။ ဂုဏ်တော်အနန္တ မြတ်ဗုဒ္ဓ၊ မာရ်နတ်စစ်သည်နှင့် ဝသုန္ဒြေနတ်၊ ဆင်ခံဘုရား ဘာကြောင့်ပူဇော်ကြသလဲ၊ နမောတဿ ဘယ်ကစသနည်း၊ ဆွမ်းတော်ကြီးတင် စားသင့် မစားသင့်စသည်ဖြင့် ရှင်းလင်းချက် ဗဟုသုတပေါင်းများစွာဖြင့် ဖတ်ရှုလေ့လာဖွယ် ရှာဖွေတင်ပြထားသည်။ (တန်ဖိုး ကျပ် ၁၀၀၀)

အထက်ပါစာအုပ်များကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်းမကြီး အလက(၁)ရန်ကင်းရှေ့ ဖုန်း-၇၂၅၅၃၀၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် အခြားစာအုပ်ဆိုင်ကြီးများတွင် ဆက်သွယ်မှာကြားဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စထက်နိုင်ဝင်းရဲ့ဂိုးနဲ့ ကမ္ဘောဇ နိုင်ပွဲစရပြီ ဒယ်လ်တာယူနိုက်တက် ပွဲဦးထွက် မျက်နှာပန်းမလှ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်

ရန်ကုန် မတ် ၂၂

၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်းတွင် ကျင်းပရာ ကမ္ဘောဇအသင်းက ဒယ်လ်တာယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရသွားပါတယ်။

ကမ္ဘောဇ - တစ်ဂိုး ဒယ်လ်တာယူနိုက်တက် - ဂိုးမရှိ

ပြီးခဲ့တဲ့ MNL အမှတ်ပေးပြိုင်ပွဲမှာ ဒုတိယနေရာရခဲ့တဲ့ ဒယ်လ်တာယူနိုက်တက်အသင်းရဲ့ ပွဲဦးထွက်ပွဲစဉ်ကတော့ အဖွင့်မလှခဲ့ပါဘူး။ အခုပြိုင်ပွဲအတွက် လက်ရွေးစင်ဟောင်း အောင်မျိုးသန့်၊ ရန်ကုန်ယူနိုက်တက် ကစားသမားဟောင်းတွေဖြစ်တဲ့ ဂေးလ်ဒက်စ်နဲ့ ဘမ်ဘာတို့ကို ခေါ်ယူထားတဲ့ ဒယ်လ်တာယူနိုက်တက်အသင်းဟာ ခြေအသာနဲ့ ကစားနိုင်ခဲ့ပေမယ့် အဆုံးသတ်ပိုင်း အားနည်းခဲ့သလို၊ ကမ္ဘောဇဂိုးသမား ကျော်ဇင်ထက် လက်စွမ်းပြကာကွယ်ခဲ့တာကြောင့်လည်း ဒယ်လ်တာယူနိုက်တက် ရှုံးနိမ့်ခဲ့ရတာပါ။

လက်စွမ်းပြ ကာကွယ်

ကမ္ဘောဇအသင်းကတော့ တိုက်စစ်မှူး စထက်နိုင်ဝင်းရဲ့ ဂိုးနဲ့ နိုင်ပွဲစရခဲ့ပါတယ်။ ကမ္ဘောဇအသင်းဟာ ရန်ကုန်ယူနိုက်တက်ကို သရေကစားခဲ့တဲ့ ပုံစံအတိုင်းပဲ ခံစစ်ကိုလုံအောင်ကစားပြီး တန်ပြန်တိုက်စစ်နဲ့ ကစားခဲ့ပါတယ်။ ရန်ကုန်နဲ့ပွဲမှာ သေချာပေါက်ဂိုးတွေကို အံ့ဩဖွယ်ကောင်းလောက်အောင် ကာကွယ်ခဲ့တဲ့ ဂိုးသမား ကျော်ဇင်ထက်ဟာ အခုပွဲမှာလည်း သေချာပေါက်ဂိုးတွေကို လက်စွမ်းပြ ကာကွယ်သွားခဲ့ပါတယ်။

ချေပဂိုးနဲ့ ဝေး

ပထမပိုင်းမှာတော့ ကမ္ဘောဇအသင်းဟာ ရှေ့က စိုးမင်းဦး၊ စထက်နိုင်ဝင်းတို့အတွဲနဲ့ ဂိုးရဖို့ ကြိုးစားခဲ့ပါတယ်။ ကွင်းလယ်က ဖန်တီးပေးနိုင်မှုနည်းတာကြောင့် ကမ္ဘောဇအသင်း ဂိုးသွင်းခွင့် သိပ်မရခဲ့ဘဲ ပထမပိုင်းပြီးခါနီးကျမှ စထက်နိုင်ဝင်းက အနိုင်ဂိုး သွင်းယူခဲ့တာဖြစ်ပါတယ်။ ပထမပိုင်းမှာ ဒယ်လ်တာအသင်း ဂိုးရဖို့ အခွင့်အရေးတွေရခဲ့ပြီး စတန်လေရဲ့ ခေါင်းတိုက်ချက် နှစ်ကြိမ်၊ ဘမ်ဘာရဲ့ ကန်ချက်တွေကို ကျော်ဇင်ထက် ကာကွယ်နိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းမှာ ဒယ်လ်တာအသင်း ချေပဂိုးရဖို့ ကြိုးစားခဲ့ပေမယ့် စတန်လေရဲ့ ခေါင်းတိုက်ဂိုးသွင်းမှု၊ ဘမ်ဘာရဲ့ အနီးကပ်ကန်သွင်းချက်တွေဟာ ကျော်ဇင်ထက်ကို မကျော်နိုင်ခဲ့တာကြောင့် ချေပဂိုးနဲ့ ဝေးခဲ့ရတာပါ။

၂၇-၃-၂၀၁၀

ဗထူးကွင်း

ရတနာပုံ - မကွေး

သုဝဏ္ဏကွင်း

ဥဿာယူနိုက်တက် - ဆောက်သမ်းမြန်မာ

မတ် ၂၁ရက်က ၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)နှင့် (၉)ကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် မန္တလေးမြို့ရှိ ဗထူးကွင်းတို့၌ ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ဇွဲကပင်ယူနိုက်တက်ကို လေးဂိုး-ဂိုးမရှိနဲ့ အနိုင်ရသွားပြီး မနောမြေနဲ့ ဆောက်သမ်းမြန်မာတို့ နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပါတယ်။

(မြန်မာ့အလင်း)

ရန်ကုန်အသင်းမှ ကျော်သူရ၏ ထိုးဖောက်ဂိုးသွင်းမှုကို ဇွဲကပင်ယူနိုက်တက် ဂိုးသမား သန်းဇော်ဝင်း ကာကွယ်စဉ်။ (မြန်မာ့အလင်း)

ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းနိုင်မည့် စက်မှုထုတ်ကုန်များထုတ်လုပ် သတ်မှတ်ထားသည့်လျာထားချက်များ ပြည့်မီကျော်လွန်အောင် စီမံ ဟန်ချက်ညီစေရေးနှင့် သွက်လက်မြန်ဆန်စေရေး စနစ်တကျဆောင်ရွက်

နေပြည်တော် မတ် ၂၂

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နှစ်ချုပ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၂၀ရက် နံနက် ၈နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်ကို စက်မှုနိုင်ငံအဖြစ် တည်ဆောက်ရာ၌ အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့် စက်မှုကဏ္ဍကို တိုးတက်မြင့်မားပြီး ပြည်တွင်းလိုအပ်ချက် ဖြည့်ဆည်းနိုင်မည့် စက်မှုထုတ်ကုန်များကို ထုတ်လုပ်ရန်လိုအပ်ကြောင်း။

စနစ်တကျစီမံ

ယင်းသို့ ထုတ်လုပ်ရာ၌ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ချက်များ၏ အားသာချက်နှင့် အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး လာမည့်ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်ထားသည့် လျာထားချက်များကို ပြည့်မီကျော်လွန်အောင် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် Procurement Plan, Production Plan နှင့် Marketing Plan တို့ကို ဟန်ချက်ညီစေရေးနှင့် သွက်လက်မြန်ဆန်စေရေးတို့အတွက် စနစ်တကျ စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့အပြင် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း သုံးစွဲခဲ့သည့် ကုန်ကြမ်းသယ်ယူမှု စရိတ်၊ ကုန်ချောထုတ်လုပ်မှုစရိတ်နှင့် လျှပ်စစ်ဓာတ်အား အသုံးပြုမှုစရိတ်များကို သုံးသပ်ပြီး လာမည့်ဘဏ္ဍာရေးနှစ်တွင် လေလွင့်ပြန်းတီးမှုမဖြစ်ရေးအတွက် ခြိုးခြံချွေတာ သုံးစွဲနိုင်ရေး စိစစ်ဆောင်ရွက်ရန် စက်ရုံတိုင်း လာမည့်နှစ်တွင် Lean Manufacturing နည်းဗျူဟာ ကျင့်သုံးရန်တို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို သုံးသပ်တင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စက်ရုံအထွေထွေမန်နေဂျာများက မိမိတို့ဌာနအလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် ရှေ့ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက တင်ပြချက်များအပေါ် သုံးသပ်ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၃-၃-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၁၀	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၁၅	၄။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅	၅။	အင်္ဂလိပ်စာသုတ
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၀၅	၇။	မြန်မာသံစဉ်ချိုနားဝင်
၅း၂၅	၈။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၀	၁၂။	လျှပ်တစ်ပြက်
၆း၄၀	၁၃။	အကြင်နာလက်တစ်စုံ
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်းမုန်းမေ့မေ့** (အပိုင်း-၆၁)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	နိုင်ငံတကာသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အလင်းရောင်** (ပထမပိုင်း)



ကြီးကြပ်ဆောင်ရွက်

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၄) ရပ်ကွက် ဗလီချောင်းတံတား ရေစီးရေလာကောင်းမွန်ရေးအတွက် အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် ဦးစီးအရာရှိ ဒေါ်ထွေးရီတို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

ရေကြောင်းသတိပေးချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Twinza Oil (Asia) Limited သည် တနင်္သာရီ ကမ်းလွန်လုပ်ကွက်အမှတ် Yetagun East Block (YEB) တွင် ရေနံတွင်းတူးဖော်ရေးလုပ်ငန်းများကို ရေနံတွင်းတူးစက် Jack Up Rig "West Triton" ဖြင့် ၂၀၁၀ခုနှစ် မတ် ၂၃ ရက်မှ မေ ၁၅ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

၂။ ရေနံတွင်းတူးစက် Jack Up Rig "West Triton" ဖြင့် တူးဖော်မည့် ရေနံတွင်း၏ တည်နေရာများမှာ Point-A မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၁မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၂မိနစ် ၃၀စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၃ဒီဂရီ ၀၁မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅မိနစ် ၀၀စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၅၆မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၅မိနစ် ၀၀စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၅၆မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၀၂မိနစ် ၃၀ စက္ကန့်အတွင်းတွင် ဖြစ်သည်။

အသိပေးကြေညာ

၃။ သို့ဖြစ်၍ တနင်္သာရီကမ်းလွန်လုပ်ကွက်အမှတ် Yetagun East Block (YEB) တွင် ရေနံတွင်းတူးဖော်ရေးလုပ်ငန်းများကို ရေနံတွင်းတူးစက် Jack Up Rig "West Triton" ဖြင့် တူးဖော်ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါရေနံတွင်းတည်နေရာများမှ ၄ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထား၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန။

ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့်စာကြည့်တိုက်သို့ အလင်္ကာဝတ်ရည် စာပေတိုက်မှ ငွေများလှူဒါန်း

ဖျာပုံ မတ် ၂၂

ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက်သို့ အလင်္ကာဝတ်ရည်စာပေတိုက်မှ ဦးမောင်မောင်အေး (မောင်ဟေမာ)က မတ် ၂၀ရက်တွင် အလှူငွေကျပ် ၆၀၀၀၀၀ကို စာကြည့်တိုက်၌ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင် (ဖိုးအောင်လေး)က လက်ခံယူပြီး ဂုဏ်ပြုလွှာပေးအပ်သည်။ **(အပေါ်ပုံ)**

ဖျာပုံမြို့ ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက်ကို ၂၀၀၈ခုနှစ် ဧပြီ ၅ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး စာကြည့်တိုက်တွင် သုတ၊ ရသ၊ ဘာသာရပ်စုံလုံးချင်းစာအုပ် ၁၀၀၀၀နှင့် စာနယ်ဇင်းမျိုးစုံ ၁၀၀၀၀ ကျော်ရှိ၍ စာကြည့်တိုက်အသင်းဝင် ၁၄၀၀က နေ့စဉ်ပျမ်းမျှစာအုပ် ၂၀၀ကို ငှားရမ်း ဖတ်ရှုလေ့လာကြပြီး စာကြည့်တိုက်ကို နေ့စဉ် ပိတ်ရက်မရှိ မွန်းလွဲ ၂နာရီမှ ည ၈ နာရီခွဲအထိ ဖွင့်လှစ်ထားသည်။

တွေ့ဆုံမည်

စာကြည့်တိုက်၏ ဒုတိယ နှစ်ပတ်လည်အခမ်းအနားကို လာမည့် ဧပြီ ၃ရက် ည ၇နာရီတွင် စာကြည့်တိုက်မြက်ခင်းပြင်၌ ကျင်းပရန် စီစဉ်ထားရာ အခမ်းအနားတွင် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ မြန်မာစာဂုဏ်ထူးရရှိခဲ့ကြသော ဖျာပုံမြို့နယ်မှ ကျောင်းသား ကျောင်းသူများအား မြန်မာစာဂုဏ်ထူးဆု ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး စာကြည့်တိုက် အသင်းဝင်များ တွေ့ဆုံကြမည် ဖြစ်သည်။

လှူဒါန်း

ဆရာဇော်ဂျီရာပြည့် စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်းလိုပါက ရန်ကုန်မြို့ အမှတ် (၂၁၂)၊ ၃၁လမ်းအထက် ရှုဝံစာအုပ်တိုက် ဦးဝင်းချို(ရှုဝံစာပေ)ဖုန်း-၃၈၅၅၉၇၊ ၀၉-၈၀-၂၂၂၉၃မှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၈၃)**

Hightech Princess ပြခန်းပါဝင် ပြသ

ရန်ကုန် မတ် ၂၂

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည့် Myanmar ICT Exhibition 2010 ပြပွဲတွင် Hightech Princess က ပါဝင်ပြသခဲ့သည်။

(အောက်ယာပုံ)

ပြသခဲ့

အဆိုပါ ပြခန်းတွင် Hightech Princess Security Products များအနေဖြင့် Co-operate အခန်းကဏ္ဍဖြစ်သည့် Networking Moinitory လုံခြုံရေးအတွက် အများပြည်သူနှင့် ရုံး၊ စက်ရုံ၊ ကျောင်းနှင့် ဆေးရုံများအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ Wireless Camera Security System ဖြစ်သည့် တစ်ကီလိုမီတာမှ ၁၂ ကီလိုမီတာအထိ Range ထိထိမိမိ ပုံရိပ်ပြတ်သားစွာ တည်ဆောက်ပေးလျက်ရှိသည်။ Digital Screen မှ DVR HDD နှင့် ရက်ရှည်လများ Record လုပ်ထားခြင်းကို ပြန်လည်ဆန်းစစ်သည့် Camera လေးပွိုင့်မှ ၃၂ ပွိုင့်အထိ လုပ်ဆောင်ပေးနိုင်သည်။ LAN/WAN Wireless System များလည်း ပြသခဲ့သည်။

ပါဝင်

ထို့အပြင် Digital No(4)လုံး နှိပ်ပြီး Management IP Lock (လျှပ်စစ်သော့) စနစ်ဖြင့် ဝင်ရောက်သည့် ပစ္စည်းအမျိုးမျိုးတို့ကို ပြသရောင်းချခဲ့သည်။ အိမ်သုံး Door Phone၊ လူခေါ်ဘဲစနစ်နှင့်တွဲသည့် ကင်မရာပါသည့် လူပုံရိပ် စနစ်တို့ကို ပြသထားသည်။ Door Phone မှတစ်ဆင့် နေအိမ်ဧည့်ခန်း၊ မီးဖိုချောင်အထိ Network သုံးစနစ်လည်း ပြသခဲ့သည်။ ထို့ပြင် Condo များအတွက် Reception မှ နေအိမ်ခန်းအသီးသီးသို့ Control Center တစ်ခုထဲမှ အခန်း ၃၀၀အထိ ကိုယ်ပိုင် Digit No.များဖြင့် အထပ်ပေါင်းများစွာမှ Ground Floor အထိ Lock လှမ်းဖွင့်ပေးပြီး ဧည့်သည် ဝင်ရောက်နိုင်သည့် စနစ်ကိုလည်း ပြသထားသည်။ ထို့ပြင် အီတလီ Style နေအိမ်ခန်းထဲတွင် တပ်ဆင်ထားနိုင်သည့် Classic Style Door Phone လည်း ပါဝင်သည်။

Home Network IR Management စနစ်ကို အခြေခံပြီး ခြံစည်းရိုးကျော်သည့်အခါ Alarmစနစ်နှိုးသံနှင့်အတူ Zoom ကို နေအိမ်ခန်းရှိ Main Control တွင် မြင်တွေ့နိုင်မည်ဖြစ်သည်။ ထို့အပြင် ဖီးဖိုခန်းအတွက် Fire Alarm စနစ်၊ Gas Detector စနစ်၊ Heat control စနစ်လည်း ပြသခဲ့သည်။

အိမ်တိုင်ရာရောက်

ထို့ပြင် Wireless အတွက် Fibre Cable အသုံးပြုနိုင်သည့် အိမ်တိုင်ရာရောက် Fibre စနစ်နှင့်ပစ္စည်းများ၊ PON စနစ်ဖြစ်သည့် (Passvet Optical Network) ပစ္စည်းများ၊ Fibre မရောက်နိုင်သည့် အိမ်များအတွက် (ကော့ပါး wire)အသုံးပြုပြီး ဆက်သွယ်နိုင်သည့် ပစ္စည်းများတို့ကို ပြသခဲ့သည်။

ပူးပေါင်းဆောင်ရွက်

ထို့ပြင် wireless စနစ်တစ်ခုဖြစ်သည့် ရတနာပုံတယ်လီပို့စ်နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် MESH wifi စနစ်များတို့ကိုလည်း ပြသခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေစကြိုနှင့် နမ့်ခမ်းမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

နေပြည်တော် မတ် ၂၂

ရေစကြိုမြို့နယ် ရွာထောင်ကျေးရွာ၌ မတ် ၁၇ရက် ည ၁၁နာရီ မိနစ် ၅၀ ခန့်တွင် မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းပြီး နေအိမ် ၁၁လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးဘေးဒုက္ခသည်များအား ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ နေရာချထားပေးကြောင်း သိရှိရသည်။

ကူညီပံ့ပိုး

ထို့အတူ နမ့်ခမ်းမြို့နယ် ဖာလင်ကျေးရွာ၌ မတ် ၁၈ရက် မွန်းတည့် ၁၂နာရီခန့်တွင် မီးလောင်ကျွမ်းမှုကြောင့် နေအိမ်ခြောက်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးဘေးဒုက္ခသည်များအား ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ တာဝန်ရှိသူများက လိုအပ်သည်များ ဝိုင်းဝန်းကူညီ ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ မီးစတင်လောင်ကျွမ်းမှုအတွက် တာဝန်ရှိသူများအား မြို့နယ်ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၉-၂၀၁၀ ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်း ၁၅၃၈၃ ဒသမ ၈ဧကေ ဖျက်ဆီးနိုင်ခဲ့

နေပြည်တော် မတ် ၂၂

၂၀၀၉-၂၀၁၀ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ မတ် ၁၂ရက်အထိ ပြည်နယ်နှင့်တိုင်းအလိုက် ဘိန်းခင်း ၁၄၀၈၆ ဒသမ ၅၂ဧကေ ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သည်။

ထပ်မံဖျက်ဆီးနိုင်

မတ် ၁၃ ရက်မှ ၂၁ရက်အတွင်း ဘိန်းခင်း ၁၂၉၇ ဒသမ ၂၈ဧကေ ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် ဘိန်းခင်းဖျက်ဆီးနိုင်မှု စုစုပေါင်း ၁၅၃၈၃ ဒသမ ၈ဧကေ ရှိသွားပြီဖြစ်ကြောင်း၊ ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ဘိန်းခင်း ၁၂၉၇ ဒသမ ၂၈ ဧကေအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းနှင့် နမ့်ခမ်းမြို့နယ်အတွင်းမှ ၁၂၈ဧကေ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံနှင့် ပင်လောင်းမြို့နယ်အတွင်းမှ ၁၀၄ ဒသမ ၂ဧကေ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်းမှ ၂ ဒသမ ၅၅ဧကေ၊ ကချင်ပြည်နယ် ဝိုင်းမော်၊ ဖားကန့်နှင့် ချီဖွေမြို့နယ်အတွင်းမှ ၁၀၆၂ ဒသမ ၅၃ဧကေတို့ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟသ်ာတအသင်း နှစ်ပတ်လည် အစည်းအဝေး

ဟသ်ာတအသင်း၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်မှချီးမြှင့်သည့် ဘွဲ့ထူး ဂုဏ်ထူးရ ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ၊ ဟသ်ာတသူ၊ ဟသ်ာတသားများ၊ ဟသ်ာတ အသင်းအဆောက်အအုံအလှူရှင်များ၊ အသင်း၏မိတ်ဆွေများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

သက်ကြီးပူဇော်ပွဲအတွက် အသင်းဝင်မိသားစုများထဲမှ အသက်(၈၀)နှင့်အထက် မိဘများစာရင်းကိုလည်းကောင်း၊ ပညာရည်ချွန်ဆုပေးပွဲအတွက် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အသင်းဝင်များ၏ ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် သားသမီးများသည် မိမိတို့ရရှိသည့် အမှတ်စာရင်းမိတ္တူများကိုလည်းကောင်း၊ ဘွဲ့ထူး ဂုဏ်ထူးရပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်အတွက် သက်ဆိုင်ရာပုဂ္ဂိုလ်များက အမည်စာရင်းများကိုလည်းကောင်း မတ် ၂၉ရက် နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်စာရင်းပေးသွင်းကြပါရန် ကြော်ငြာအပ်ပါသည်။

ကျင်းပမည့်နေရာ ။ ။ ဟသ်ာတအသင်းတိုက်၊ အမှတ် ၁၈၄၊ ၁၈၆၊ ၄၅လမ်း အထက်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ကျင်းပမည့်နေ့ရက် ။ ။ ၂၀၁၀ခုနှစ် ဧပြီ ၄ရက် (တနင်္ဂနွေနေ့)

ကျင်းပမည့်အချိန် ။ ။ နံနက် ၉နာရီ

ဆက်သွယ်ရန် ။ ။ ဦးတင်ရှိန် ဖုန်း-၀၉-၅၀-၂၀၇၁၉၊ ဦးလှကြည် ဖုန်း-၀၁-၅၃၄၅၄၈၊ ဒေါက်တာအောင်ဝင်းမောင် ဖုန်း-၀၉-၅၀-၀၅၃၃၇၊ ဒေါ်ညွန့်ညွန့် ဖုန်း-၀၁-၂၄၅၃၉၅၊ ဦးစံလှ ဖုန်း-၀၉-၅၀-၈၅၂၀၇

ကျွေးမွေးရေးအစီအစဉ် ။ ။ ဦးကြီးမြင့်-ဒေါ်ရီရီတို့က ဟသ်ာတမုန့်ဟင်းခါးဖြင့် ဧည့်ခံမည်။

ကွာရှင်းပြတ်စဲပြီးစီးခြင်း

မသီတာအေး ၁၂/မဂတ(နိုင်)၀၁၆၆၂၃သည် ကျွန်တော်နှင့် မိဘများ၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေမည့် ခွင့်မလွှတ်နိုင်သောကိစ္စများ အကြိမ်ကြိမ် ကျူးလွန်၍ မိမိဆန္ဒအလျောက် အိမ်မှဆင်းသွားပါသည်။ ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်တော့၍ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ မသီတာအေးနှင့် ပတ်သက်သည့်ကိစ္စအဝဝကို ၄င်းနှင့်သာ တိုက်ရိုက်ဆက်သွယ်ဖြေရှင်းကြရန် အသိပေးကြေညာအပ်ပါသည်။

မောင်ဇော်ဇော်သိမ်း
၁၂/ ပဘတ(နိုင်) ၀၀၀၁၇၂။

ဝမ်းမြောက်ဂုဏ်ယူခြင်း

သနန္တနဓမ္မပါလကအဖွဲ့ချုပ်၊ ဗုဒ္ဓဝင်ပြပွဲဗဟိုကော်မတီ နာယက၊ ရွှေဘိုမြို့ လူငယ်ဖွံ့ဖြိုးရေးစခန်း၊ ကျောင်းအုပ်ကြီး၊ **စာရေးဆရာကြီး ဦးသန်းထွန်း(ရွှေဘို)** အား New Age International University (Europe) မှ Ph.D (History) ဘွဲ့ ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

အလုပ်အမှုဆောင်များ-သနန္တနဓမ္မပါလကအဖွဲ့ချုပ်
ကော်မတီဝင်များ-ဗုဒ္ဓဝင်ပြပွဲ ဗဟိုကော်မတီ။

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသွားသော မြောင်းမြကုန်းသာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မတ်၁၄ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးသန်းဝင်းတို့ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

နမ့်ကျန် ရေကူရေဖြည့်တမံ လားရှိုးမြို့၌ တည်ဆောက်

လားရှိုး မတ် ၂၂

လားရှိုးမြို့၌ ရေသိုလှောင်မှု ပမာဏ ဂါလန်သိန်း ၈၂၀ရှိမည့် နမ့်ကျန် ရေကူရေဖြည့် တမံသစ်တစ်ခုကို နွေရာသီကာလ ရေလုံလောက်စွာ ဖြန့်ဝေနိုင်ရေးအတွက် တည်ဆောက်နေပြီဖြစ်သည်။

ဖြန့်ဝေပေး

လားရှိုးမြို့၏ လူဦးရေ ၂၇၃၀၀၀ အတွက် နေ့စဉ်ပျမ်းမျှ ရေဂါလန် ၅၅သိန်းခန့် လိုအပ်ချက်ရှိသည်ကို ဟူးမွန်နှင့် ကောက်ကွေ့ဆည်၊ စက်ရေတွင်း၊ လက်တွင်းများ၊ လင်းနို့ဂူနှင့် နမ့်ခိုက်ရေထွက်၊ ရေကန်တောင်တို့မှ ဖြန့်ဝေပေးလျက်ရှိသော်လည်း မိုးရွာသွန်းမှု လျော့နည်းခြင်း၊ လူဦးရေ တိုးတက်လာခြင်းတို့ကြောင့် ရေမလုံလောက်မှုများရှိလာသည်။

တည်ဆောက်နေ

နမ့်ကျန် တမံသည် လားရှိုးမြို့ နမ့်ကျန်ရွာအနီး အမြင့်ပေ ၄၃၀တွင် တည်ဆောက်နေပြီး ရေဆင်းဧရိယာ ၁ဒသမ၆ စတုရန်းမိုင်ရှိကာ နှစ်စဉ်ပျမ်းမျှ စီးဝင်ရေဧကပေ ၂၉၀၀ရှိသည်။ ကန်ရေပြည့် ရေလှောင်နိုင်မည့် ပမာဏမှာ ၄၁၂ဧကပေရှိသည်။

ကာကွယ်

လုပ်ငန်းအားလုံးကို မေလတွင် အပြီး တည်ဆောက်၍ မိုးဦးကျတွင် ရေစတင်သိုလှောင်မည် ဖြစ်ပြီး ရေကန်တောင်ရှိ ရေစုကန်များသို့ တမံမှ အချင်းတစ်ပေရှိ ပိုက်ဖြင့် နေ့စဉ် ရေဖြည့်ပေးမည်ဖြစ်သည်။ နှစ်စဉ် ရေကန်တောင်မှ မိုးများသောအခါ မြို့အဝင်ကတ္တရာလမ်းကို ရေကျော်သဖြင့် ယာဉ်သွားလာမှု ခေတ္တရပ်ဆိုင်းခဲ့ရသည်များကိုလည်း ယင်းတမံဖြင့် ကာကွယ်နိုင်မည်ဖြစ်သည်။

(ဆည်မြောင်းဦးစီး)

စာအုပ်စာပေ လူ့မိတ်ဆွေ

သိန်းနီမြို့နယ် ပိန်းဆာကျေးရွာ၌ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

သိန်းနီ မတ် ၂၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ပိန်းဆာကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ၂၀ရက် နံနက်၁၁နာရီက ပိန်းဆာကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ စာကြည့်တိုက် အဆောက်အအုံသစ်ကို လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းရှိန်၊ သိန်းနီမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်၊ ပိန်းဆာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကာလစ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

လက်ခံယူ

အခမ်းအနားတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက ပိန်းဆာစာကြည့်တိုက်ကို စံ(၅)ချက်နှင့်ညီညွတ်သော စာကြည့်တိုက်ဖြစ်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ဟောပြောပြီး စာကြည့်တိုက်သို့ အလှူငွေများနှင့် စာအုပ်စာစောင်များ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးကာလစ်က လက်ခံယူသည်။

ကူညီပံ့ပိုး

ဆက်လက်၍ စာကြည့်တိုက်သို့ အလှူရှင် ၁၂ဦးက ငွေကျပ်နှစ်သိန်းနှင့် စာအုပ်စာစောင် ၅၅၀ကိုလှူဒါန်းရာ ကျေးရွာစာကြည့်တိုက် အတွင်းရေးမှူး ဦးမှူးဒီက လက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ ပိန်းဆာကျေးရွာ စာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများ ကူညီပံ့ပိုးမှုဖြင့် တည်ဆောက်ထားပြီးငွေကျပ် ၂၉သိန်း ကုန်ကျသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ်နိုင်

ကဝမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းဖြစ်သော သက္ကလ-သရက်ကုန်း-အေးမွန် မြေသားလမ်းဖောက်လုပ်နေမှုကို ဖေဖော်ဝါရီ ၂၆ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်ဦးတို့က ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ထားဝယ်ခရိုင် ဒီရေတောအတွင်း ပထမအကြိမ် ရေငန်ပုစွန် မျိုးစိုက်ထည့်

ထားဝယ် မတ် ၂၂

တနင်္သာရီတိုင်း ငါး၊ ပုစွန်များ မျိုးပြုန်းတီးမှု ကာကွယ်ထိန်းသိမ်းရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်)၏ ညွှန်ကြားမှု၊ တိုင်းငါးလုပ်ငန်းဦးစီးဌာနနှင့် တိုင်းငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုအရ ဝမော်ရေငန်ပုစွန်သားပေါက် ထုတ်လုပ်ရေးစခန်းမှ ထုတ်လုပ်သော ရေငန်ပုစွန်ကျားများအား ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနနှင့် ခရိုင်ငါးလုပ်ငန်း အဖွဲ့ချုပ်မှ ရေလုပ်ငန်းရှင်များ ပူးပေါင်း၍ ပထမအကြိမ် ရေငန်ပုစွန် သားပေါက်မျိုး စိုက်ထည့်မှု အခမ်းအနားကို မတ် ၂၂ရက် နံနက် ၁၁နာရီက သရက်ချောင်းမြို့နယ် ဆင်ဖြူပြင်ရပ်ကွက်၌ ကျင်းပသည်။

မျိုးစိုက်ထည့်

အဆိုပါ အခမ်းအနားတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်မြိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ရေလုပ်ငန်းရှင်များ၊ ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးအေးနိုင်နှင့် ရုံးအဖွဲ့ဝင်များ၊ ဒေသခံရေလုပ်သားများက ရေငန်ပုစွန်သားပေါက် ကောင်ရေ ၁၀ ဒသမ၃သိန်းကို ဆင်ဖြူပြင်တံတားအနီး ဒီရေတောသို့ မျိုးစိုက်ထည့်ပေးခဲ့သည်။ (အပေါ်ပုံ)

(ခရိုင် ပြန်/ဆက်)

သစ်ဖြူချောင်း သစ်သားတံတားပြုပြင်

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) (သစ်ကြိမ်းထုံးဘိုကြီး)လမ်းပိုင်းရှိ သစ်ဖြူချောင်းသစ်သားတံတား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၂၈ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဒိုးနွယ်စမ်း စာကြည့်တိုက် တောင်ကုတ်မြို့နယ်တွင်ဖွင့်

တောင်ကုတ် မတ် ၂၂

တောင်ကုတ်မြို့နယ် ဒိုးနွယ်စမ်းကျေးရွာ ဒိုးနွယ်စမ်းစာကြည့်တိုက် ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် မွန်းတည့် ၁၂နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်ရွှေ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးသန်းဝေနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ထို့နောက် စာအုပ်လှူဒါန်းပွဲကို ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးမြင့်ရွှေ၊ ပြည်တွင်းအခွန်များဦးစီးဌာန ဦးစီးအရာရှိ ဦးလှဌေးဦး၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးသန်းဝေနှင့် အတွေးသစ်အမြင်သစ် စာကြည့်တိုက်ဥက္ကဋ္ဌ ဦးချစ်မြတို့က သုတ၊ ရသစာအုပ်မျိုးစုံပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဦးမောင်ငွေက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြံခင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သည့် လမ်းမတော်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မီမီခိုင် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

တိုင်းမှူးပိုလ်ချုပ်ကျော်ဖြိုး ဝမ်တာခက်တံတားကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၂

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးပိုလ်ချုပ်ကျော်ဖြိုးသည် မတ် ၁၃ ရက် နံနက်ပိုင်းက ကျိုင်းတုံ-တုံတာကားလမ်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် တုံတာ-မိုင်းပျဉ်းကားလမ်းနှင့် ကွန်ကရစ်တံတား၊ မိုင်းပျဉ်း-မက်မန်းကားလမ်းနှင့် ဝမ်တာခက်တံတားကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

တိုင်းမှူးသည် မတ် ၁၄ရက် နံနက်ပိုင်းက မက်မန်းမြို့နယ်ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ကုန်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် မိုင်းပျဉ်းတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ကျိုက်ထို၌ကျင်းပ

ကျိုက်ထို မတ် ၁၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ရက် နံနက် ၈နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်တောက်ထွန်းနှင့် အရာရှိကြီးများ၊ မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးခိုင်ထွန်း၊ အမှတ်(၁) စစ်တောင်းစက္ကူစက်ရုံမှူး ဦးပိုက်ထွေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို မွန်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးခိုင်ထွန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အောင်ဝင်းနှင့် စစ်တောင်းအမှတ်(၁) စက္ကူစက်ရုံမှူး ဦးပိုက်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ခင်းကျင်းပြသ

ထို့နောက် နယ်မြေခံတပ်မှူးနှင့် တက်ရောက်လာသော ဧည့်သည်တော်များက အထူးဈေးရောင်းပွဲတော်အတွင်း ခင်းကျင်းပြသရောင်းချနေသော အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုကြသည်။ ***(မြို့နယ် ပြန်/ဆက်)***

တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပန့်ပုံး-စမ်းချောင်း ကျေးလက်ကျောက်ချောလမ်း လမ်းခင်းခြင်းဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကွင်းဆင်းစစ်ဆေးရာ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်ထွန်းတို့က ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

(၆၅)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို မှော်ဘီမြို့နယ် ရေသိုးစံပြကျေးရွာ၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ရန်ကုန် မတ် ၂၂

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ရေသိုးစံပြကျေးရွာ နေခြည်သစ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦး၊ မြို့နယ်အတွင်းရေးမှူး ဦးကြည်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လှူဒါန်း

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သီတာဦးက ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ရေး၊ စာကြည့်တိုက်များ စံ (၅)ချက်နှင့် ညီညွတ်ရေး၊ စာအုပ်စာစောင်များတိုးပွားရေး၊ ငွေပဒေသာပင်စိုက်ထူရေး၊ စာငှားကတ်စနစ်ကျင့်သုံးရေးတို့ကို ဟောပြော၍ သုတ၊ ရသစာအုပ်စာစောင်များ၊ ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးလှက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဖေဖော်ဝါရီ ၁၁ရက်က မြောင်မြို့ မြောက်ရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်အတွင်းရှိ မြောင်ပရိမ္မလမ်းမကြီး ဘေးဝဲ/ယာတစ်လျှောက် သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးပြုလုပ်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဗိုလ်ဆန်းတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်သတင်း ထွေတလာ

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ကျောက်ဆည်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ကျောက်ဆည် မတ် ၈

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက်များ စံ(၅)ချက်နှင့်ပြည့်စုံစေရေး၊ ခိုင်မာသည့်စာငှားကတ်စနစ်ဖြင့် ငှားရမ်းနိုင်ရေး၊ ငွေပဒေသာပင်ထားရှိနိုင်ရေးတို့ကို ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးဦးစီး၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ မတ် ၈ရက်က ကျောက်ဆည်မြို့နယ် ငယ်တိုးကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာ ပန်းလိပ်ပြာစာကြည့်တိုက်နှင့် ပွတ္တိုင်ကျေးရွာအုပ်စု ပုထိုးတိုင်ကျေးရွာ ဘဝနေခြည်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲများ ဆောင်ရွက်ခဲ့သည်။

ပေးအပ်လှူဒါန်း

ညောင်ဝန်းကျေးရွာ ပန်းလိပ်ပြာစာကြည့်တိုက်အဆောက်အအုံသစ်ကို နံနက် ၈နာရီတွင် ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုး၊ ကျေးရွာဥက္ကဋ္ဌ ဦးကံချွန်၊ ရပ်မိ ရပ်ဖ

ဦးစိုးစိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အောက်ဝဲပုံ)** ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက်ရှင်သန်ခိုင်မာရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောပြီး နေ့စဉ်ထုတ်သတင်းစာ စာအုပ်များနှင့် သုတ၊ ရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူပြီး ခရိုင်ဦးစီးအရာရှိက စေတနာရှင်များက လှူဒါန်းသော စာအုပ် စာစောင်များနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းမှုများကို လက်ခံယူသည်။

လက်ခံယူ

ဆက်လက်၍ မွန်းလွဲ ၁နာရီတွင် ပုထိုးတိုင်ကျေးရွာ ဘဝနေခြည်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ၊ စာအုပ်စာစောင်၊ ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲနှင့် ဟောပြောပွဲအခမ်းအနား ကျင်းပရာ ကျေးရွာဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆွေးနွေးပြောကြားပြီး သုတ၊ ရသ စာအုပ် စာစောင်များကို ပေးအပ်လှူဒါန်းကာ စေတနာရှင်အလှူရှင်များက ပေးအပ်လှူဒါန်းသော စာအုပ်စာစောင်များနှင့် ငွေပဒေသာပင်ငွေကျပ် ၉၅၀၀၀ကို လက်ခံယူသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးအောင်ကျော်ဦးတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ငပုတော အထက မြတ်ဆရာပူဇော်မည်

ငပုတော မတ် ၁၆

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့ အထကတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အသက် (၆၀)အထက် ဆရာ ဆရာမကြီးများအား သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဧပြီ ၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ငပုတောမြို့ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေတက်ရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ဦးလေးကြည် (ပါမောက္ခ၊ ဌာနမှူး၊ စာရင်းအင်းပညာဌာန၊ စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်) ဖုန်း-၀၉-၅၀-၁၃၆၄၆၊ ဦးအေးတင် (ရန်ကုန်) ဖုန်း-၀၉-၈၅ -၆၆၁၆၄၊ ဒေါ်ချိုချို (ကျောင်းအုပ်ကြီး၊ အထက ပန်းတနော်) ဖုန်း-၀၄၆-၃၀၃၈၁၊ ဒေါက်တာစစ်တင် (ပုသိမ်) ဖုန်း-၀၉-၈၅-၅၂၈၁၅၊ ဦးကိုကိုဦး (ပွင့်ဦး-ကဗျာ) ဖုန်း-၀၄၂-၄၄၂၂၁၊ ဦးစောချစ် ဖုန်း-၀၄၂-၄၄၂၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ *(မြန်မာ့အလင်း)*

စာငှားကတ်စနစ်မှန်ကန်စွာကျင့်သုံးရေး လှိုင်ကော်လွယ်ထွဲကျေးရွာ၌ ဟောပြော

လှိုင်ကော် မတ် ၂၁

လှိုင်ကော်မြို့နယ် လွယ်ထွဲကျေးရွာ အရဏ်ဦးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် စာငှားကတ်စနစ်မှန်ကန်စွာကျင့်သုံးရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၀ရက် ည ၇နာရီက လွယ်ထွဲကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဟောပြော

အဆိုပါဟောပြောပွဲတွင် လှိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက စာငှားကတ်စနစ်မှန်ကန်စွာကျင့်သုံးရေး ဟောပြောဆွေးနွေးရာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။ ၎င်းနောက် ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်သန်းဦးက စာဖတ်ကြစို့ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် စာကြည့်တိုက်အတွက် နေ့စဉ်ထုတ်သတင်းစာ ဝယ်ယူဖြည့်တင်းနိုင်ရေးကိစ္စ ညှိနှိုင်းဆွေးနွေးကြရာ လွယ်ထွဲကျေးရွာအတွင်းရှိ အိမ်ခြေ ၁၅၉အိမ်တို့က စုပေါင်း၍ နေ့စဉ်ထုတ်သတင်းစာ တစ်နှစ်စာနှင့် ဒို့ကျေးရွာဂျာနယ် တစ်နှစ်စာအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

Myanmar Book Centre စာအုပ်ပွဲတော်ကျင်းပမည်

ရန်ကုန် မတ် ၂၂

Myanmar Book Centre ၏ ဒုတိယအကြိမ်မြောက် "Book-Buffet" နှင့် "Clearance Sale" အစီအစဉ်နှစ်ခုဖြင့် စာအုပ်ဈေးရောင်းပွဲတော်ကို မတ်၂၈ရက်မှ ဧပြီ ၁ရက်အထိ ကျင်းပမည်ဖြစ်သည်။

အထူးသက်သာ

"Book-Buffet" အစီအစဉ်မှာ ဈေးသက်သက်သာသာဖြင့် စာအုပ်များများဖတ်လိုသူများအတွက် ဘူဖေးစားသကဲ့သို့ ကြိုက်နှစ်သက်ရာစာအုပ်ကို သတ်မှတ်ထားသောအိတ်တွင် လိုသလောက်ထည့်နိုင်ပြီး မူရင်းဈေးနှုန်းထက် အထူးသက်သာနိုင်မည့် အစီအစဉ်လည်း ဖြစ်ပါသည်။ ငွေကျပ် ၁၀၀၀၀တန် အိတ်အရွယ်မှာ ၁၂လက်မ × ၁၀လက်မ × ၃လက်မဖြစ်၍ ငွေကျပ် ၂၀၀၀၀တန် အိတ်၏အရွယ်မှာ ၁၆လက်မ × ၁၀ဒသမ၅လက်မ × ၃ဒသမ ၅လက်မ ဖြစ်ပြီး ကြိုက်နှစ်သက်ရာ စာအုပ်ကို အိတ်အပြည့်ထည့်နိုင်မည်ဖြစ်သည်။

ဝယ်ယူနိုင်

Clearance Sale အစီအစဉ်အနေဖြင့် အထူးဈေးနှုန်းသက်သာမည့် Art & Science Book များ၊ Medical, Engineering စာအုပ်များ၊ Cook Book များ၊ ကလေးစာအုပ်များကို မူရင်းထုတ်ဝေဈေး၏ ၉၀ရာခိုင်နှုန်းလျှော့ ရောင်းချပေးသွားမည်ဖြစ်သည်။ ကြိုက်နှစ်သက်ရာ စာအုပ်များကို တစ်အုပ်ချင်း Fixed Price ပုံစံဖြင့် ဝယ်ယူသွားနိုင်မည်ဖြစ်သည်။

ယခုစာအုပ်ပွဲတော်ကို Myanmar Book Centre ၏ ဆိုင်ခွဲများအားလုံးတွင် တစ်ချိန်တည်း ကျင်းပသွားမည်ဖြစ်သည်။ ရန်ကုန်မြို့တွင် ဆိုင်အမှတ်(၁) အမှတ် ၅၅ ဗဟိုလမ်း အလုံလမ်းနှင့် ဗဟိုလမ်းထောင့် အလုံမြို့နယ် ဖုန်း-၀၁-၂၂၁၂၇၁၊ ၂၁၂၄၀၉၊ ၂၁၄၇၀၈ နှင့် ဆိုင်အမှတ်(၂) အမှတ် ၅၆၁-၅၆၇ အခန်းအမှတ်(၃)မြေညီထပ် MAC Tower-I ကုန်သည်လမ်း ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့် ကျောက်တံတားမြို့နယ်ဖုန်း-၀၁-၃၇၀၅၃၂၊ ၃၈၄၅၀၈ တို့သို့လည်းကောင်း၊ မန္တလေးမြို့တွင် Rm.429, Level-4, 78 Shopping Centre,ဖုန်း-၀၂-၇၁၄၇၀မှ ၇၁၄၇၆ (Ext;၁၈၈, ၁၉၃) တို့သို့လည်းကောင်း နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ရွေးချယ် ဝယ်ယူနိုင်ကြောင်း၊ စာအုပ်ရောင်းရငွေများကို ကျေးရွာစာကြည့်တိုက်များ၊ ဘုန်းတော်ကြီးစာသင်ကျောင်းများ၌ လိုအပ်နေသော စာအုပ်များ ဝယ်ယူလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်သူမီးဘေး တားဆီးရေး မနှေးဆောင်ရွက်ကြ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း

(၆၅) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

❖ တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လာသော မြန်မာ့မီးရထားကဏ္ဍ

စာ-၇

❖ စဉ်လာ မွန်မြတ် ဂန္ဓဝင်တပ်မတော်

ပျဉ်းမနားမြင့်လှိုင်၏ ကဗျာ စာ-၈

❖ ပြည်သူကြားက ပြည်သူ့သားကောင်း မြန်မာ့တပ်မတော်

ပန်းတောင်းသန်းကြွယ်၏ ဆောင်းပါး စာ-၈၊ ၉

❖ တပ်မတော်၏ မြတ်မော်ကွန်း

ဇော်မင်းမင်းဦး၏ ကဗျာ စာ-၉

❖ သမိုင်းကို သက်သေတည်

ရဲထက်၏ ကာတွန်း စာ-၉

နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်၊ နက္ခတ်တာရာပြခန်းနှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့၏ မုခ်ဦးအသစ်တို့၌

အဝင်လက်မှတ်များ ရောင်းချပေးလျက်ရှိ

နေပြည်တော် မတ် ၂၂

တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊နက္ခတ်တာရာပြခန်း(နေပြည်တော်) နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)တို့သို့ အများပြည်သူများ အလွယ်တကူ သွားလာကြည့်ရှုနိုင်ရန်အတွက် ဥယျာဉ်များအတွင်းဘက်မှ ဆက်သွယ်သည့် လမ်းသစ်နှင့် မုခ်ဦးအသစ်များ ဆောက်လုပ်ပြီးစီးပြီဖြစ်ရာ အဝင်လက်မှတ်များကို မုခ်ဦးအသစ်အသီးသီး၌ မတ် ၁၅ ရက်မှ စတင်ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

တပ်မတော်ကြီး စတင်ထူထောင်ခဲ့သည့် ရည်မှန်းချက်မှာ လွတ်လပ်ရေး ရယူပေးရန်နှင့် လွတ်လပ်ရေး ခိုင်မာတည်တံ့စေရန်အတွက် အစဉ်တစိုက် ကာကွယ်စောင့်ရှောက်သွားရန် ဖြစ်ရာ တပ်မတော်သည် စတင် ထူထောင်စဉ် ကာလကပင် အမျိုးသားရေးအဖွဲ့အစည်းကြီးဖြစ်ခဲ့သည်။

ပန်းတောင်းသန်းကြွယ်၏ ဆောင်းပါး စာ ၈-၉